# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၄) ရက် ၊ တနင်္ဂနွေနေ့ ၊ (11-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လက်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# (၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ **Jeng Phang** နော်တောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိ သူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြော ကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့သည် **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

> လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကိုရယူသကဲ့သို့ သူတစ်ပါး၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လို…




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# စိတ်ခွန်အားသစ်များဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေနေကြသည်ကို ကြားသိနေရပေသည်။

တာဝန်ကျရာ ရပ်ရွာဒေသနေရာဌာနအသီးသီး၌ မညည်းမညူ နေပူမိုးရွာမမှုပါဘဲနှင့် အသင့်အနေအထားဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုအပေါ် လွမ်းစိတ်၊ သတိရသည့်စိတ်များကြောင့် လုပ်ငန်းခွင်အတွင်း မပျော်ပိုက်မှုများ ပြေပျောက်စေရန်အတွက် ထိုသို့သွားရောက်ကာ ဂီတသံသာ တေးပဒေသာ၊ အကအလှတို့ဖြင့် ဂုဏ်ပြုဖျော်ဖြေကြခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုနှင့်ဝေးကွာစွာဖြင့် နေ့မအားညမအား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဤသို့ဂုဏ်ပြုသီဆိုဖျော်ဖြေမှုတို့ကြောင့် ကြည်လင်ရွှင်ပျကာ အနုပညာဟူသော စိတ်အာဟာရတို့ကြောင့် နေ့စဉ်ဘဝတာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းခွင်ကို ပိုမိုချစ်ခင်တန်ဖိုးထားလာနိုင်မည်ဖြစ်သည်။

နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့မှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြသည်မှာလည်း တစ်သွေးတည်း၊ တစ်သားတည်းဟူသော အနှစ်သာရကိုပေါ်လွင်စေကြောင်း တွေ့ရသည်။

ဂီတအနုပညာဟူသည် တိုက်ရိုက်ထိတွေ့ခံစားနိုင်သည့် အနုပညာတစ်ရပ်ဖြစ်ကာ အနုပညာ၏ သဘောသဘာဝအတိုင်း ကြည့်ရှုနားဆင်သူကို ကြည်နူးရွှင်ပျစေ၊ ကရုဏာစိတ်ဖြစ်ပေါ်စေ၊ အားမာန်တက်ကြွစေသည်သာမက အားသစ်တစ်ဖန် ပြန်လည်ပေါ်ပေါက်စေနိုင်သည်ဖြစ်ရာ ယခုကဲ့သို့ သွားရောက်ဖျော်ဖြေကြခြင်းသည် အခြေအနေနှင့် အချိန်အခါကိုက်ညီစွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အနုပညာသည် လူသားတို့ကို နွေးထွေးသောခံစားမှုတို့ ပေးစွမ်းနိုင်သည်ဖြစ်ရာ လူထဲကလူသားဖြစ်သော လုံခြုံရေးတပ်ဖွဲ့ဝင်များအဖို့ ထိုနွေးထွေးမှုသည် နိုင်ငံတော်ကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိစေရေး ကျရာတာဝန်များထမ်းဆောင်ရန်အတွက် စိတ်ခွန်အားသစ်များ ဆက်လက်ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယနေ့အချိန်အခါတွင် လုံခြုံရေးတာဝန်ကို နေ့မအားညမအား ထမ်းဆောင်လျက်ရှိကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ခေတ်ပေါ် ခေတ်ဟောင်း ဂီတတေးသံသာ အကအလှတို့ဖြင့် ဖျော်ဖြေတင်ဆက်နိုင်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်မှုများရရှိစေပြီး လုပ်ငန်းခွင်အတွင်း မပျော်ပိုက်မှုများပြေပျောက်ကာ နိုင်ငံ့လုံခြုံရေးတာဝန်ကို ကျေပွန်စွာဆက်လက်ထမ်းဆောင်နိုင်ကြရန် ခွန်အားသစ်များဖြင့် ဦးလည်မသုန်ဆောင်ရွက်နိုင်မည်ပင်ဖြစ်ပါကြောင်း မှဒိတာပွားရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၄၄၃၂၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင်ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်လဲဖြစ်တော့ လာရောက်ဖူးမြော်သူတွေ များပြားနေပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေဟာ ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပြီး စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ နေ့စဉ်ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပါတယ်"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၄၂၀၀၈ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၆၉၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၂၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၃၉ ကြိမ် ဖွင့်လှစ်ပြီးဖြစ်

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်း ၃၉ ကြိမ် ဖွင့်လှစ်ပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်သင်ကြားပေးရခြင်းသည် ကျေးလက်နေပြည်သူများ၊ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာရပ်သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ၎င်းသင်တန်းများကို ယခုဘဏ္ဍာနှစ် ဧပြီလမှစ၍ ဌာနတွင်းသင်တန်းပေးခြင်း၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ သင်တန်းပေးခြင်းများ ပြုလုပ်လျက်ရှိရာ ယနေ့ထိ သင်တန်း ၃၉ ကြိမ် ဖွင့်လှစ်ပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"ဘဏ္ဍာနှစ်အလိုက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေကို ကျေးလက်ပြည်သူတွေအတွက် သင်ကြားပေးနေတာပါ။ အခုလို သင်ကြားပေးတာကြောင့် ကျေးလက်နေပြည်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေပြီး ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်တာကြောင့် ဝင်ငွေတွေလဲ တိုးတက်လာမှာပါ။ မိတ်ဖက်ဌာနတွေနဲ့ ပူးပေါင်းဖွင့်လှစ်ပေးတဲ့ သင်တန်းတွေမှာ သင်ယူချင်တဲ့ သင်တန်းအလိုက် တောင်းဆိုတာတွေကိုလဲ သင်ကြားပေးပါတယ်။ သင်တန်းတွေကိုတော့ ဌာနကနေပြီးပေးတဲ့ သင်တန်းရှိသလို မိတ်ဖက်ဌာနတွေနဲ့လဲ ဖွင့်လှစ်တာရှိပါတယ်။ ဌာနက ဖွင့်လှစ်တဲ့ သင်တန်းတွေကိုတော့ ကုန်ကြမ်းဖိုးအနေနဲ့ အခကြေးငွေ ပေးသွင်းရပါတယ်။ ကွင်းဆင်းပြီး ကျေးရွာတွေမှာ ဖွင့်လှစ်ပေးတဲ့ သင်တန်းတွေကတော့ အခမဲ့ဖွင့်လှစ်သင်ကြားပေးပါတယ်" ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ သင်ကြားပေးနေသည့် သင်တန်းများမှာ လူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်းသင်တန်း စသည့် သင်တန်းများဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ပေါက်ဈေးရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ ပထမပတ်မှစ၍ မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကိုဝယ်ယူမှု များပြားကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ မြစ်သားဘက်ကထွက်တဲ့ အရည်အသွေးမကောင်းလို့ ပယ်ထားတဲ့ ကြက်သွန်နီတွေလဲ တစ်ပိဿာကို ငွေကျပ်၂၅၀၀ ထိ ဈေးရှိနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ နောက်ဆုံးပတ်က မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ဈေးရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာတော့ အခုလတ်တလော မြစ်သားဘက်ကထွက်ရှိတဲ့ ကြက်သွန်နီက ဈေးအကောင်းဆုံးအနေအထားမှာရှိနေတယ်။ မြင်းခြံဘက်ကထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပုံမှန်အတိုင်းပဲ ဖြစ်နေပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်သည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟိုပန်မြို့နယ် နာဇရက်ကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဟိုပန် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်မြို့နယ် နာဇရက်ကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများက နာဇရက်ကျေးရွာတွင် ဆောင်းသီးနှံစိုက်ခင်းများကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆိုလာစနစ်လုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။

ဟိုပန်မြို့နယ် နာဇရက်ကျေးရွာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၀၆ သန်းအသုံးပြု၍ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ယခုနှစ် နိုဝင်ဘာ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်ဖြင့် နာဇရက်ကျေးရွာရှိ စပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ တိုင်ထောင်ပဲစိုက်တောင်သူများ၏ စိုက်ပျိုးမြေ ၁၀ ဧကကျော်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ သီးထပ်သီးညှပ်များကို တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်ကံရှိ စိမ်းရတနာကျောက်မျက်လုပ်ငန်းမိသားစုက ဦးချိုအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးများ ဆပ်ကော်မတီအဖွဲ့ဝင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်မြင့်မြင့်သန်းနှင့် သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်သူဇာမျိုးမျိုးဝင်းတို့က လက်ခံရယူစဉ်။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာသန်း ၂၄၀၀ ကျော်ပိုးရရှိအောင် ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိကာလအတွင်း မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာသန်း ၂၄၀၀ ကျော်ပိုးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို စသည့်နိုင်ငံများနှင့်နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိကာလအတွင်း မြန်မာ-လာအိုနယ်စပ်ဒေသမှ ကျိုင်းလတ် နယ်စပ်ကုန်သွယ်ရေးစခန်း၊ မြန်မာ-ထိုင်းနယ်စပ်ဒေသရှိ မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြန်မာ-အိန္ဒိယနယ်စပ်ဒေသရှိ ရိဒ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကျန်ရှိနေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၇၂ ဒသမ ၃၅၅ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၃၉၁၃ ဒသမ ၈၀၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၄၅၈ ဒသမ ၅၅၂ သန်းဖိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၄၅၅ ဒသမ ၂၅၁ သန်းဖိုးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးဒေသရှိ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးဒေသရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အနည်းဆုံးဆောင်ရွက်ခဲ့သည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ မြန်မာ-တရုတ်နယ်စပ်ဒေသရှိ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးဒေသရှိ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်ကြောင်း သိရသည်။

SKL

# ချောက်မြို့နယ် ကြီးနီကျေးရွာ၌ မွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြော

**ချောက် ဒီဇင်ဘာ ၁၀**

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးနီကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့်ဆောင်ရွက်သော မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ စုရုံးရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သက်သက်ဆွေက စီမံကိန်း၏ ရည်ရွယ်ချက်၊ သဘောသဘာဝနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးမင်းဇော်က ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးနည်းစနစ်များ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာ၌ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မွေးမြူရေးဆိုင်ရာအသိပညာများကို ဆွေးနွေးဟောပြောပြီး ကျေးရွာသူကျေးရွာသားများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သက်သက်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခွားမွေးမြူရေး၊ ဝက်မွေးမြူရေး၊ CP ဝက်မွေးမြူရေးအဖွဲ့များ တက်ရောက်ကြကြောင်း ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# တောင်တွင်းကြီးမြို့နယ် ကရင်စုကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)သည် ကျေးရွာ၏လိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ခွင့်ရသော စီမံကိန်းဖြစ်ကြောင်း၊ ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ခွင့်ရရှိ၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ဖြစ်ပေါ်လာစေရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။


ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ကျေးရွာသားများက VDPစီမံကိန်းကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းကြသည်။

တောင်တွင်းကြီးမြို့နယ်၌ VDP စီမံကိန်းကို ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် ကရင်စုကျေးရွာအပါအဝင် ကျေးရွာ ၁၂ ရွာ၌ ကျေးရွာတစ်ရွာလျှင် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**



# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၄၄၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၄၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒ ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုဆောင်ရွက်ရာတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၀၀၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၅၆ သန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၁၄၀၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၆ သန်း၊ ထီးခီနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၆၇၀၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ခုနစ်သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၄၄၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"မြန်မာ- ထိုင်းနယ်စပ်ကုန်သွယ်မှု အခြေအနေကတော့ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ နိုဝင်ဘာ ၂၅ ရက်ထိ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းတွေက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၄၉ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဓိက ကုန်သွယ်မှုဆောင်ရွက်နေတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကတော့ မြဝတီနဲ့ ထီးခီနယ်စပ်ကုန်သွယ်ရေးစခန်းတွေဖြစ်ပါတယ်။ ကုန်သွယ်မှုမြင့်တက်နေတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကတော့ တာချီလိတ်နဲ့ ထီးခီဖြစ်ပါတယ်။ ထီးခီနယ်စပ်ကုန်သွယ်ရေးစခန်းကတော့ အတိုးတက်ဆုံးဖြစ်ပြီး ရှစ်လတာကာလအတွင်းမှာ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၆၇၀ ထိရှိခဲ့ပါတယ်"ဟု ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။ ASH




# ဟိုပန်မြို့နယ် လုံတုံးရွှေကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းပြီးစီးမှု စစ်ဆေး

**ဟိုပန် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ လုံတုံးရွှေကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်လွင်လွင်မာ၊ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ လုံတုံးရွှေကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်လွင်လွင်မာက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ဟိုပန်မြို့နယ် လုံတုံးရွှေကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် အရှည်ပေ ၂၁၀၀ စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့်ငါးပေရှိ ကျောက်စီရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၂၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် လုံတုံးရွှေကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်မှ လူ ၃၂၄ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေမည်ဖြစ်ကြောင်း ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## မျိုးချစ်အားမာန်

\- ငြိမ်းအေးသာယာ ပြည်မြန်မာသည်
သာယာအေးချမ်း တောင်တန်းမြစ်ချောင်း
စမ်းချောင်းသောင်စွယ် အသွယ်သွယ်နှင့်
ဝင့်ထည်တင့်ဆန်း သွယ်တန်းရေတံခွန်
ကျောက်သံပတ္တမြား ရေနံများနှင့်
သစ်ဝါးပြောင်းဝါ ပေါများပါ၍
သာယာစည်ဖြာ ထည်ဝါခံ့ညား
လွန်ထင်ရှားသည့် ပြည်မြန်မာ။

\- ငြိမ်းအေးသာယာ ပြည်မြန်မာသည်
ဘာသာသာသနာ ရောင်ဝါတောက်ပ
မြတ်ဗုဒ္ဓ၏ ထေရဝါဒ
ကိုးကွယ်ကြလျက် မြန်မာ့ယဉ်ကျေးမှု
သုခုမပညာ ဝိသုကာနှင့်
စာပေဂီတ ထွန်းတောက်ပလျက်
မြန်မာ့ရိုးရာ ထိန်းသိမ်းကာဖြင့်
သာယာစည်ဖြာ ထည်ဝါခံ့ညား
လွန်ထင်ရှားသည့် ပြည်မြန်မာ။

\- ငြိမ်းအေးသာယာ ပြည်မြန်မာသည်
စည်ဖြာဖွံ့ထွား ဆန်စပါးနှင့်
သားငါးပုစွန် သယံဇာတ
ပေါကြွယ်ဝလျက် လှပသာယာ
ရှုခင်းသာနှင့် ကြည်သာအေးမြ
ဝင်ထွက်ကြသည့် ပြည်ပ ပြည်တွင်း
ရင်းနှီးလေးစား တန်ဖိုးထားလျက်
စီးပွားတက်လာ ဖွံ့ဖြိုးလာ၍
သာယာစည်ဖြာ ထည်ဝါခံ့ညား
လွန်ထင်ရှားသည့် ပြည်မြန်မာ။

\- ထို့ကြောင့်
ပြည်တွင်း ပြည်ပ ဝင်ထွက်ကြသည့်
လှပသာယာ ပြည်မြန်မာကို
မနာလိုမုန်းထား မိစ္ဆာများနှင့်
စော်ကားလာသူ ရန်ဟူသမျှ
အမြစ်မှလှန် မကြွင်းကျန်အောင်
တွန်းလှန်တိုက်ထုတ်ကြမည်တည်း။ ။


**မင်းရွှေမင်း(တောင်ကုတ်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

# တရုတ်သမ္မတက ရေနံနှင့် သဘာဝဓာတ်ငွေ့ဝယ်ယူရာတွင် ယွမ်ငွေဖြင့် ဝယ်ယူရေးဆောင်ရွက်မည်ဟု ပြောကြား



**ရီယာ့ဒ် ဒီဇင်ဘာ ၁၀**

ရေနံနှင့်သဘာဝဓာတ်ငွေ့ကို တရုတ်ယွမ်ငွေဖြင့် ဝယ်ယူရေးအတွက် စီမံဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ပင်လယ်ကွေ့အာရပ်နိုင်ငံများမှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် တရုတ်သမ္မတက အဆိုပါအတိုင်း ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပင်လယ်ကွေ့အာရပ်နိုင်ငံများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ယွမ်ငွေဖြင့် ဝယ်ယူမှုသည် တရုတ်ယွမ်ငွေအား နိုင်ငံတကာ ငွေကြေးစနစ်အဖြစ်ထားရှိရေး ရည်မှန်းချက်ကို အထောက်အကူပေးနိုင်မည်ဖြစ်သလို ကုန်သွယ်ရေးလောကအပေါ် အမေရိကန်ဒေါ်လာ၏ လွှမ်းမိုးမှုလည်း ကျဆင်းသွားမည်ဖြစ်သည်။

အကယ်၍ ဆော်ဒီအာရေဗျနိုင်ငံက ၎င်း၏ ရေနံကုန်သွယ်ရေးလုပ်ငန်း၌ ဒေါ်လာငွေသုံးစွဲမှုကို စွန့်လွှတ်ရန် ကြိုးစားလာခဲ့ပါကလည်း အမေရိကန်နိုင်ငံအတွက် ပြင်းထန်သည့် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆော်ဒီအာရေဗျနှင့်အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ လူ့အခွင့်အရေးပြဿနာ၊ စွမ်းအင်မူဝါဒနှင့်ရုရှားပြဿနာများကို အကြောင်းပြု၍ တင်းမာလျက်ရှိနေသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်-အာရပ်နိုင်ငံများ ထိပ်သီးညီလာခံတက်ရောက်ရန်နှင့်ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ရီယာ့ဒ်မြို့သို့ ဒီဇင်ဘာ ၇ ရက်က ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။KKO

# ယူကရိန်းပြဿနာအဖြေရှာရန် ခက်ခဲလာကြောင်း ရုရှားသမ္မတပူတင် ပြောကြား

**ဘစ်ရှ်ကတ် ဒီဇင်ဘာ ၁၀**

ရုရှားနိုင်ငံအနေဖြင့် အနောက်အုပ်စုအပေါ် ယုံကြည်မှုလုံးဝနီးပါး ပျက်ခဲ့ခြင်းကြောင့်ယူကရိန်းပြဿနာအတွက် အဖြေရှာရန်ပိုမိုခက်ခဲလာလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၉ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကတ်မြို့၌ ကျင်းပသည့် ယူရေးရှားကုန်သွယ်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသတင်းစာရှင်းလင်းပွဲတွင် သမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနှင့် ရုရှားကျောထောက်နောက်ခံပြု ယူကရိန်းအရှေ့ပိုင်းခွဲထွက်ရေးဝါဒီများကြား ရယူထားသည့် မင့်ခ်သဘောတူညီချက်ကို အကောင်အထည် မဖော်နိုင်ခဲ့မှုသည် အနောက်အုပ်စုအပေါ် ယုံကြည်မှုပျက်ရခြင်း၏ အကြောင်းတရားဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

မင့်ခ် သဘောတူညီချက်သည် ရုရှား၊ ပြင်သစ်နှင့် ဂျာမနီတို့၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ယူကရိန်းအစိုးရနှင့်အရှေ့ပိုင်းဒေသ ခွဲထွက်ရေးနယ်မြေများကြား ရယူခဲ့သော အပစ်အခတ်ရပ်စဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး သဘောတူညီချက်ဖြစ်သည်။

သို့သော် ၂၀၁၄ ခုနှစ် မင့်ခ်သဘောတူညီချက်သည် ယူကရိန်းနိုင်ငံကို ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ရေးအတွက် အချိန်ဆွဲပေးသည့် သဘောဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ်ဟောင်း မာကယ်လ်က ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားခဲ့ ပြီးနောက် သမ္မတပူတင်၏ တုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

မာကယ်လ်၏ ပြောကြားချက်ပေါ်ထွက်လာခဲ့ပြီးနောက် ရုရှားမီဒီယာများနှင့် နိုင်ငံရေးသမားများက မင့်ခ် သဘောတူညီချက်၌ မာကယ်လ်ပါဝင်မှုကို ရုရှားနိုင်ငံသစ္စာအဖောက်ခံရမှုအဖြစ် သုံးသပ်ခဲ့ကြကြောင်း သိရသည်။

KKO

# ပြည်တွင်းလုံခြုံရေးပြဿနာများကိုင်တွယ်ရန် စစ်လေယာဉ်သစ်များ နိုင်ဂျီးရီးယားရရှိမည်

**အဘူဂျာ ဒီဇင်ဘာ ၁၀**

နိုင်ဂျီးရီးယား နိုင်ငံအနေဖြင့် ပြည်တွင်းလုံခြုံရေး ခြိမ်းခြောက်မှုများအား ကိုင်တွယ်နိုင်စွမ်းကို မြှင့်တင်ရေးအတွက် တိုက်ခိုက်ရေးလေယာဉ်၊ ရဟတ်ယာဉ်နှင့် မောင်းသူမဲ့လေယာဉ် စုစုပေါင်း ၅၄ စင်းကို လက်ခံရရှိမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ဂျီးရီးယားလေတပ်အတွက် အမ်-၃၄၆ တိုက်ခိုက်ရေးလေယာဉ်သစ်များ၊ တီ-၁၂၉ ရဟတ်ယာဉ်များ၊ဩဂတ်စတာ-၁၀၉ ထရက်ကာအမျိုးအစား ဘက်စုံသုံးရဟတ်ယာဉ်များနှင့် တရုတ်နိုင်ငံထုတ် ဝင်းလောင်း-၂ မောင်းသူမဲ့လေယာဉ်များကို လွှဲပြောင်းပေးရန် သမ္မတ ဘူဟာရီက သဘောတူထားကြောင်း နိုင်ဂျီးရီးယားစစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများ၌ ၁၃ နှစ်ကြာဖြစ်ပွားနေသော အစ္စလာမ်မစ် စစ်သွေးကြွများ၏ ပုန်ကန်မှုနှင့်တောပုန်းများ ထကြွမှုသည် နိုင်ဂျီးရီးယားနိုင်ငံအတွက် အဓိကလုံခြုံရေး ပြဿနာများဖြစ်ကြသည်။

နိုင်ဂျီးရီးယားလေတပ်အတွက် စစ်လေယာဉ်သစ်များ လွှဲပြောင်းပေးမည့်အချိန်ကာလအတိအကျကို မသိရသေးကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကလည်း နိုင်ဂျီးရီးယားလေတပ်သည် အေ-၂၉ စူပါတူကာနိုအမျိုးအစား မြေပြင်တိုက်ခိုက်ရေးလေယာဉ် ၁၂ စင်းကို အမေရိကန်နိုင်ငံထံမှ လက်ခံရယူခဲ့ပြီးဖြစ်သည်။

လာမည့်နှစ်သမ္မတ ရွေးကောက်ပွဲပြီးဆုံးချိန်တွင်နိုင်ဂျီးရီးယားသမ္မတသစ်အနေဖြင့် ပြည်တွင်းလုံခြုံရေးပြဿနာများကိုပါ အဓိကကိုင်တွယ်ဖြေရှင်းရမည် ဖြစ်ကြောင်း သိရသည်။

KKO

# ဂျီ-၂၀ အုပ်စု၌ အာဖရိကသမဂ္ဂပါဝင်ရေးအတွက် အမေရိကန်သမ္မတက ထောက်ခံကြောင်း ကြေညာမည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

ကမ္ဘာ့စီးပွားရေး အင်အားအကြီးမားဆုံးနိုင်ငံများဖြင့် ဖွဲ့စည်းထားသော ဂျီ-၂၀ အုပ်စု၌ အာဖရိကသမဂ္ဂ(အေယူ)ကို ထည့်သွင်းရန် အမေရိကန်နိုင်ငံက ထောက်ခံကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဂျီ-၂၀ အုပ်စု၌ အဖွဲ့ဝင်သစ်အဖြစ် အာဖရိကသမဂ္ဂအား ထည့်သွင်းရေးအတွက် ထောက်ခံကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က လာမည့် ရက်သတ္တပတ်အတွင်း ကြေညာမည်ဖြစ်သည်။

အမေရိကန် - အာဖရိကခေါင်းဆောင်များ ထိပ်သီးညီလာခံကို လာမည့် ရက်သတ္တပတ်တွင် ဝါရှင်တန်မြို့၌ ကျင်းပမည်ဖြစ်ရာ ယင်းညီလာခံ၌ ဂျီ-၂၀အဖွဲ့ဝင်သစ်အဖြစ် အာဖရိကသမဂ္ဂအား ထောက်ခံကြောင်းကို သမ္မတ ဂျိုးဘိုင်ဒင်က ကြေညာမည်ဖြစ်ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂျီ-၂၀ အုပ်စု၌ အာဖရိကသမဂ္ဂပါဝင်ရေးကို ထောက်ခံကြောင်း ကြေညာပေးရန် အာဖရိကသမဂ္ဂဥက္ကဋ္ဌ၊ ဆီနီဂေါသမ္မတနှင့်တောင်အာဖရိကသမ္မတတို့က သမ္မတဂျိုးဘိုင်ဒင်ကို မေတ္တာရပ်ခံထားကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အာဖရိကသမဂ္ဂတွင် အဖွဲ့ဝင် ၅၅ နိုင်ငံ ပါဝင်သော်လည်း ဂျီ-၂၀ အုပ်စု၌ တောင်အာဖရိကနိုင်ငံသာ ပါဝင်ခွင့်ရထားသည်။

ထို့ပြင် နိုင်ငံတကာအရေးအရာများ၌ အာဖရိကအနေဖြင့် ပိုမိုပါဝင်လာရန် လိုအပ်လာပြီဖြစ်သည်ဟု အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

KKO

# ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့၏ ၆၀ ရာခိုင်နှုန်းခန့်ကို ဒုစရိုက်ဂိုဏ်းများ ထိန်းချုပ်ထားကြောင်း ကုလသမဂ္ဂပြောကြား

**ပေါ်တိုပရင့်စ် ဒီဇင်ဘာ ၁၀**

ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့တစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ကို ဒုစရိုက်ဂိုဏ်းများက ထိန်းချုပ်ထားကြောင်း ဟေတီအခြေစိုက် ကုလသမဂ္ဂတာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ အေပီသတင်းဌာနက ဒီဇင်ဘာ ၉ ရက်တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အဆိုပါ ဒုစရိုက်ဂိုဏ်းများ၏ အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကြောင့် ပေါ်တိုပရင့်စ်မြို့နေ ပြည်သူရာပေါင်းများစွာတို့မှာလည်း အိုးအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂ၏အဆိုအရ သိရသည်။

ဟေတီတစ်နိုင်ငံလုံး၌ ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားနေချိန်တွင် ပေါ်တိုပရင့်စ်မြို့ရှိ လူပေါင်း ၂၀၀၀၀ နီးပါးမှာ အငတ်ဘေးဆိုက်မည့် အခြေအနေရှိကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် ပေါ်တိုပရင့်စ်မြို့ကို ထိန်းချုပ်ထားသော ဒုစရိုက်ဂိုဏ်းများသည် လူအများကို ထိန်းချုပ်ရေး၊ ခြိမ်းခြောက်ရေးနှင့် အပြစ်ပေးရေးတို့အတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို လက်နက်အဖြစ် အသုံးပြုနေကြကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နှစ်အတွင်း သမ္မတ ဂျိုဗီနယ်မွိုင်ဆီ လုပ်ကြံခံခဲ့ရပြီးနောက်ပိုင်း ဟေတီနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားခဲ့ရသည်။

ဒုစရိုက်ဂိုဏ်းများကြောင့် ဟေတီနိုင်ငံ၏လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နိုင်မှုအခြေအနေ၊ နိုင်ငံရေးနှင့်ဘေးကင်းလုံခြုံမှုအခြေအနေများမှာ ပို၍ဆိုးရွားလာသည်ဟု ကုလသမဂ္ဂ တာဝန်ရှိသူများက သုံးသပ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဗြိတိန်နိုင်ငံအခြေစိုက် One Web ဆက်သွယ်ရေးကုမ္ပဏီ၏ One Web ဆက်သွယ်ရေးဂြိုဟ်တုအစင်း ၄၀ ကို Space-X ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

Space-X အာကာသနည်းပညာကုမ္ပဏီက ဗြိတိန်နိုင်ငံ အခြေစိုက် One Web ဆက်သွယ်ရေးကုမ္ပဏီ၏ One Web ဆက်သွယ်ရေးဂြိုဟ်တု အစင်း ၄၀ ကို ဒီဇင်ဘာ ၈ ရက်က လွှတ်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

One Web ဆက်သွယ်ရေး ဂြိုဟ်တုအစင်း ၄၀ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် ကိပ်ကာနေဗာရယ် လေတပ်စခန်းအနီး ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ပိုင်းအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၅၈ မိနစ်အကြာတွင် One Web ဆက်သွယ်ရေး ဂြိုဟ်တုများကို အသုတ်သုံးသုတ်ခွဲ၍ သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်ဟု Space-X အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံအခြေစိုက် One Web ဆက်သွယ်ရေးကုမ္ပဏီသည် ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်း၌ One Web ဆက်သွယ်ရေး ဂြိုဟ်တု ၆၄၈ စင်းပါဝင်မည့် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၈ ရက် မစ်ရှင်မတိုင်မီ One Web ဆက်သွယ်ရေး ကုမ္ပဏီသည် One Web ဆက်သွယ်ရေးဂြိုဟ်တု အစင်းပေါင်း ၄၆၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။ KKO

## နာဆာ၏ အိုရီယွန်အာကာသယာဉ်က ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ရေးအတွက် ပြင်ဆင်နေ


**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏အိုရီယွန်အာကာသယာဉ်သည် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

အိုရီယွန်အာကာသယာဉ်သည် ၂၆ ရက်ကြာ အာတီးမစ်-၁ မစ်ရှင်ပြီးဆုံးချိန် ဒီဇင်ဘာ ၁၁ ရက်တွင် ဘာဂျာကယ်လီဖိုးနီးယားကမ်းရိုးတန်းကမ်းလွန် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

အိုရီယွန် အာကာသယာဉ်၏ ကမ္ဘာမြေအပြန်ခရီးစဉ်သည် အာတီးမစ်-၁ မစ်ရှင်၏ အခက်ခဲဆုံး အဆင့်များထဲတွင် ပါဝင်သည်။

အိုရီယွန်အာကာသယာဉ်သည် ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့ လေထုလွှာအတွင်းသို့ တစ်နာရီမိုင် ၂၅၀၀၀ အမြန်နှုန်း တစ်နည်းအားဖြင့် အသံ၏မြန်နှုန်းထက် ၃၂ ဆ ပိုမြန်သော မြန်နှုန်းဖြင့် ကမ္ဘာ့ လေထုလွှာအတွင်း ပြန်ဝင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက



ပြောကြားထားသည်။

စီစဉ်ထားသည့်အတိုင်း ဖြစ်မြောက်ခဲ့ပါက အိုရီယွန်အာကာသယာဉ်သည် အမေရိကန်အရှေ့ပိုင်း စံတော်ချိန် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်း ဆင်းသက်မည်ဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း ကျရောက်လာမည့် အိုရီယွန် အာကာသယာဉ်ကို ပြန်လည်ဆယ်ယူရေးအတွက် အမေရိကန် ရေတပ်မှ ယူအက်စ်အက်စ်ပို့သ်လန်းအမည်ရှိ စစ်သင်္ဘောက ဆင်းသက်ရေပြင်ဧရိယာအတွင်း စောင့်ဆိုင်းနေမည်ဖြစ်ကြောင်း သိရသည်။

KKO

## ဒစ်ပလိုဒိုးဆစ်ဒိုင်နိုဆောများက အမြီးကို တစ်နာရီလျှင် ၇၃ မိုင်နှုန်းဖြင့် ဝှေ့ယမ်းနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၀**

ဒစ်ပလိုဒိုးဆစ်(Diplodoci-ds) ခေါ် ဒိုင်နိုဆောများသည် ၎င်းတို့၏အမြီးများကို တစ်နာရီလျှင် ၇၃ မိုင်နှုန်းဖြင့် ဝှေ့ယမ်းနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဒီဇင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

ပေါ်တူဂီနှင့်အီတလီသိပ္ပံပညာရှင်များသည် ဒစ်ပလိုဒိုးဆစ်ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းငါးခုကို အခြေခံ၍ ၎င်းဒိုင်နိုဆောများ၏ အမြီးကို ကွန်ပျူတာစံပြပုံစံတစ်ရပ်ဖြင့် ဖန်တီးလေ့လာခဲ့သည်။

လေ့လာချက် ရလဒ်များအရ ဒစ်ပလိုဒိုးဆစ်ဒိုင်နိုဆောများသည် ၎င်းတို့၏အမြီးကို တစ်နာရီလျှင် ၇၃ မိုင်နှုန်း သို့မဟုတ် တစ်စက္ကန့်လျှင် ၃၃ မီတာနှုန်းဖြင့် ဝှေ့ယမ်းနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှေးယခင်က ပြုလုပ်ခဲ့ဖူးသော လေ့လာချက်တစ်ရပ်တွင်မူ ဒစ်ပလိုဒိုးဆစ် ဒိုင်နိုဆောများသည် ၎င်းတို့၏အမြီးကို တစ်နာရီလျှင် မိုင် ၇၆၀ နှုန်း သို့မဟုတ် အသံ၏မြန်နှုန်းတမျှ မြန်သောအလျင်နှုန်းဖြင့် ဝှေ့ယမ်းနိုင်ကြောင်း ဖော်ပြခဲ့ဖူးသည်။

ဒစ်ပလိုဒိုးဆစ် ဒိုင်နိုဆောများသည် ဆော်ရိုပေါ့ ခေါ် အသီးအရွက်စား ဒိုင်နိုဆောမျိုးရင်းဝင် ဒိုင်နိုဆောများဖြစ်ကြသည်။

ဒစ်ပလိုဒိုးဆစ် ဒိုင်နိုဆောများသည် ရှည်လျားသောလည်ပင်းနှင့် ရှည်လျားသည့်အမြီးများ ပိုင်ဆိုင်ထားပြီး ကိုယ်ခန္ဓာအလျား ပေ ၄၀ ထိ ရှည်တတ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။ KKO

# HEALTH

## စမ်းသပ်ဆဲခုခံအားစနစ် ကုထုံးသစ်က မီလာနိုးမားအရေပြားကင်ဆာအတွက် ကုထုံးဖြစ်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၀**

လူ့ကိုယ်ခန္ဓာ၏ ကိုယ်ပိုင်ခုခံအားစနစ်ဆဲလ်များကို အသုံးပြုထားသော စမ်းသပ်ဆဲကုထုံးတစ်မျိုးသည် ရောဂါပြင်းထန်သည့် မီလာနိုးမား(Melanoma) အရေပြားကင်ဆာလူနာများအတွက် ထိရောက်သည့်ကုထုံးတစ်မျိုးဖြစ်လာနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

TIL (Tumor-Infilrating Lymphocyte) အမည်ရှိ အဆိုပါကုထုံးသည် မီလာနိုးမားအရေပြားကင်ဆာလူနာများ ရောဂါတိုးလာမှုမရှိဘဲ အသက်ရှင်သန်နိုင်ချိန် ဆန့်ထုတ်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ မော့ဖိတက်ဖ်ကင်ဆာသုတေသနဌာနမှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အရေပြားကင်ဆာ လူနာများ ရောဂါ ပိုပြင်းလာမှုမရှိဘဲ အသက်ရှင်သန်နိုင်မှုကို TIL ကုထုံးဖြင့် ဆန့်ထုတ်ပေးနိုင်သော ကာလအတိုင်းအတာမှာ Ipilimumab ခေါ် အရေပြားကင်ဆာကုထုံးထက် ၄၆ ဆ ပိုများကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသနပညာရှင်များသည် TIL ကုထုံး၏ ထိရောက်မှုကို လူနာများဖြင့် စမ်းသပ်နေဆဲဖြစ်သည်။

TIL ကုထုံးသည် မီလာနိုးမားအရေပြားကင်ဆာ ရောဂါအတွက် အလားအလာကောင်းသော ကုထုံးဖြစ်သော်လည်း လက်ရှိအချိန်တွင် အဆိုပါကုထုံး၏ အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် စမ်းသပ်မှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

TIL ကုထုံးသည် မီလာနိုးမားအရေပြားကင်ဆာလူနာများ၏ ခုခံအားစနစ် ဆဲလ်များဖြစ်ကြသော တီဆဲလ်များ၏ သဘာဝအလျောက် ကင်ဆာဆဲလ်များတိုက်ဖျက်နိုင်စွမ်းကို မြှင့်တင်ပေးသည့်ကုထုံးဖြစ်ကြောင်း သိရသည်။

KKO

## ယောဂကျင့်စဉ်ကို ပုံမှန်လေ့ကျင့်ခန်းများတွင် ထည့်သွင်းပေးခြင်းဖြင့် သွေးဖိအားထိန်းချုပ်နိုင်

**အော့တဝါ ဒီဇင်ဘာ ၁၀**

သွေးဖိအားလျှော့ချရန် လိုအပ်သည့် လူနာများအနေဖြင့် ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် ယောဂကျင့်စဉ်ကိုပါ ထည့်သွင်းပေးခြင်းဖြင့် သွေးဖိအားကို ထိန်းချုပ် ပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

ကနေဒါ သုတေသနပညာရှင်များသည် သွေးတိုးရောဂါနှင့်ကိုယ်တွင်းဇီဝဓာတု ပြောင်းလဲမှုဖြစ်စဉ် ဖောက်ပြန်မှုများရှိနေသူ လူနာဦးရေ ၆၀ တို့ဖြင့် သွေးဖိအားကို ထိန်းချုပ်ရာ၌ ယောဂကျင့်စဉ်၏ ထိရောက်မှုကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများနှင့်အတူ ယောဂကျင့်စဉ်ကိုပါ ထည့်သွင်းပြုလုပ်ခဲ့သည့် လူနာများ၏အပေါ်သွေး (Systolic Blood Pressure) မှာ ၁၀ မီလီမီတာ မာကျူရီထိ ကျဆင်းသွားတတ်ကြောင်း၊ နှိုင်းယှဉ်ကြည့်ပါက ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများသာပြုလုပ်သည့် လူနာများတွင်မူ အပေါ်သွေး လေးမီလီမီတာ မာကျူရီမျှသာ ကျဆင်းခဲ့သည်ကို တွေ့ရသောကြောင့် ယောဂကျင့်စဉ်ကို ပုံမှန်လေ့ကျင့်ခန်းများတွင်ထည့်သွင်းထားသင့်ကြောင်း ကနေဒါသိပ္ပံပညာရှင်များက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ရှေးဟောင်း ရုပ်နာမ်ကျင့်စဉ် တစ်ခုဖြစ်သော ယောဂကျင့်စဉ်ကို ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာတို့က လေ့ကျင့်ခန်းပုံစံတစ်ခုအဖြစ် လက်ခံကျင့်သုံးလျက်ရှိသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# QBE Shootout ပြိုင်ပွဲအမှတ်ပေးဇယားကို ဟော့ဖ်မန်းနှင့် ပယ်လ်မာတို့အတွဲက ဦးဆောင်

**ဖလော်ရီဒါ ဒီဇင်ဘာ ၁၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် QBE Shootout ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဟော့ဖ်မန်းနှင့် ပယ်လ်မာတို့အတွဲက ပထမနေ့အပြီးတွင် သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း WA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်ကစားသမားကွန်နာနှင့် တောင်ကိုရီးယားဂေါက်သီးရိုက် ကစားသမားလီဂျောင်ဟွန်းတို့အတွဲနှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် မက်ဟိုမာ၊ ကီဇင်ကစ္စနာအတွဲတို့က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်လျက်ရှိသည်။

ဟော့ဖ်မန်းနှင့် ပယ်လ်မာတို့သည် ဝါရင့် ကစားသမားများဖြစ်ကြသည့်အလျောက် တစ်ဦးနှင့်တစ်ဦးနားလည်မှုရှိရှိ ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

ကနေဒါကစားသမားကွန်နာက "သူရခဲ့ဖူးတဲ့ သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ရိုက်နိုင်အောင် ကစားကြမယ်ဆိုပြီး ပြိုင်ပွဲစတော့ ပယ်လ်မာက ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးအကောင်းဆုံး ကြိုးစားခဲ့ကြတယ်။ Birdies ရဖို့အတွက် အကောင်းဆုံး ကြိုးစားခဲ့တယ်။ ပထမနေ့မှာရလဒ်ပိုင်းက ကောင်းခဲ့ပါတယ်။ တစ်နေ့လုံးလဲ ဖိအားကင်းကင်းနဲ့ ကစားနိုင်ခဲ့တယ်။ နောက်ဆုံးနေ့ထိ ဒီလိုပုံစံကောင်းနဲ့ ကစားနိုင်မယ်လို့မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပထမနေ့တွင် ရလဒ်ကောင်းခဲ့ခြင်းနှင့်ပတ်သက်ပြီး ပယ်လ်မာက "ကွန်နာနဲ့ကျွန်တော် PGA Tour မှာကျင်လည်လာတာ ၁၉ နှစ်၊ နှစ် ၂၀ လောက်ရှိနေပြီ။ နှစ်ယောက်စလုံးက ပြိုင်ပွဲနဲ့ပတ်သက်ပြီးအတွေ့အကြုံတွေ တော်တော်များများရှိတယ်။ နှစ်ယောက်အတူ လက်တွဲပြီးတော့လဲ ပြိုင်ပွဲတချို့မှာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြားနားလည်မှုတွေလဲ အပြည့်အဝရှိပါတယ်။ နောက်ဆုံးနေ့ထိ အကောင်းဆုံးပုံစံကို ထိန်းသိမ်းနိုင်လိမ့်မယ်လို့လဲ ယုံကြည်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန် ပြိုင်ပွဲကျင်းပ




**ပဲခူး ဒီဇင်ဘာ ၁၀**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ အမျိုးသားပြိုင်ပွဲဝင် ၉၁၅ ဦး၊ အမျိုးသမီးပြိုင်ပွဲဝင် ၃၁၂ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၁၂၂၇ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဦးစွာအမျိုးသား မီနီမာရသွန်ပြိုင်ပွဲကို သတ်မှတ်လမ်းကြောင်းအတိုင်း ကျင်းပခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ဟံသာဝတီယူနိုက်တက်အသင်း အားကစားကွင်းအတွင်းကျင်းပခဲ့ရာ ပြိုင်ပွဲနှစ်ခုတွင် နှစ်သိမ့်ဆုရရှိကြသူများကို တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများကလည်းကောင်း၊ အထူးဆုရရှိသူ ခြောက်ဦးကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ တတိယဆုရရှိသူနှစ်ဦးကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးတို့ကလည်းကောင်း၊ ဒုတိယဆုရရှိသူများကို တိုင်းဒေသကြီးစီးပွားရေးဝန်ကြီးနှင့်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်ပြီးအမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသူကို တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသူကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းကလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝင်ရောက်ယှဉ်ပြိုင်သူများကို စက်ဘီးအစီး ၂၀ နှင့် ဆိုင်ကယ် နှစ်စီးတို့အပြင် ငွေကျပ်တစ်သိန်းဆု ကိုးဆုကိုလည်း ကံစမ်းမဲ နှိုက်ပေးခဲ့ကြောင်း သိရသည်။

STA

# ကွင်းလယ်ကစားသမား လူးဝစ်ဒီယက်ဇ် ဒူးဒဏ်ရာကြောင့် လာမည့် မတ်လထိအနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၁၀**

လီဗာပူးအသင်း ကွင်းလယ်ကစားသမား လူးဝစ်ဒီယက်ဇ်သည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့်ဒူးဒဏ်ရာကြောင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ပြီး လာမည့် ၂၀၂၃ ခုနှစ် မတ်လထိ အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်ဟု Liverpoolfc.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လူးဝစ်ဒီယက်ဇ်သည် နိုဝင်ဘာ ၂၃ ရက်က ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် လူစားလဲထွက်ခွာခဲ့ရပြီးနောက် ၎င်း၏ဒဏ်ရာကို စကန်ဖတ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်ကြောင်း အသင်းဆရာဝန်က ထုတ်ပြန်ခဲ့ပြီး ယခုအခါ ဒဏ်ရာမှ ပြန်လည်သက်သာလာချိန်တွင် အသင်း၏လေ့ကျင့်ခန်းအစီအစဉ်တွင် ပါဝင်ခဲ့ရာ ဒူးဒဏ်ထပ်မံရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် ငါးလခန့် အနားယူရမည်ဖြစ်သည်။

ထို့ကြောင့် ၎င်းသည် မတ်လမတိုင်မီ လီဗာပူးအသင်းနှင့် ကစားရမည့် ပရီးမီးယားလိဂ်ပွဲစဉ် ၁၀ ပွဲခန့်လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ လီဗာပူးအသင်းတွင် တောင်ပံတိုက်စစ်ကစားသမားဖြစ်သည့်ဂျိုတာသည်လည်း ခြေသလုံးကြွက်သား ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရပြီး လာမည့်နှစ် ဖေဖော်ဝါရီလမှာ အသင်းနှင့်ပြန်လည် ပူးပေါင်းနိုင်မည်ဖြစ်သကဲ့သို့ လူးဝစ်ဒီယက်ဇ်မှာလည်း ခွဲစိတ်မှုခံယူရမည်ဖြစ်၍ ကာလရှည် အနားယူရမည် ဖြစ်သောကြောင့် အသင်းတာဝန်ရှိသူများက တိုက်စစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန် စီစဉ်ခဲ့ကြောင်း သိရသည်။

ML

# အာဂျင်တီးနားနှင့် ခရိုအေးရှားအသင်းတို့ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်သို့ တက်ရောက်

**ဒိုဟာ ဒီဇင်ဘာ ၁၀**

ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ခရိုအေးရှားအသင်းက ဘရာဇီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ အာဂျင်တီးနားအသင်းက နယ်သာလန်အသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သောကြောင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်၍ ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း The Telegraph သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။



ယခုပြိုင်ပွဲတွင် ခရိုအေးရှားအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် မော်ရိုကိုအသင်းကို ဂိုးမရှိသရေ၊ ကနေဒါအသင်းကို လေးဂိုး တစ်ဂိုး၊ ဘယ်လ်ဂျီယံအသင်းကို ဂိုးမရှိ သရေကစားနိုင်ခဲ့သဖြင့် အုပ်စုဒုတိယဖြင့် (၁၆) သင်းအဆင့်သို့တက်ရောက်ခဲ့ပြီး ဂျပန်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုးတစ်ဂိုး၊ ယခုပွဲစဉ်တွင်လည်း ဘရာဇီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ အာဂျင်တီးနားအသင်းကလည်း အုပ်စုပွဲစဉ်တွင် ဆော်ဒီအာရေဗျကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မက္ကဆီကိုအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ပိုလန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူ၍ အုပ်စုပထမဖြင့် တက်ရောက်ခဲ့ရာ သြစတြေးလျအသင်းနှင့်တွေ့ဆုံခဲ့သော်လည်း နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ယခုပြိုင်ပွဲတွင် နယ်သာလန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အာဂျင်တီးနား အသင်းနှင့် ခရိုအေးရှားအသင်းတို့သည် ၂၀၁၈ ကမ္ဘာ့ဖလားအုပ်စု (D) တွင် တစ်အုပ်စုတည်း ကျရောက်ခဲ့ချိန်၌ ခရိုအေးရှားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း သမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် ပထမဆုံးအကြိမ်တွေ့ဆုံနေခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်ကို လာမည့် ဒီဇင်ဘာ ၁၃ ရက်တွင် ဒိုဟာမြို့ အယ်ဘေးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းက လာမည့် ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင် မိန့်ဇ်အသင်းကစားသမား အီဗန်အန်ဒစ်ကာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားအဆင့်တွင် အသင်းအတွက် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့် တိုက်စစ်မှူးမက်ဆီသည် ဂိုးဖန်တီးမှု ငါးကြိမ်ထိရှိလာခဲ့ပြီး ရှုံးထွက်အဆင့်ပြိုင်ပွဲများတွင် ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့် ဘရာဇီးဂန္ထဝင် ပီလီ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ML

**ကမ္ဘာ့ဖလား ကွာတားအဆင့် ပွဲစဉ်ရလဒ်**

| | | | | |
|---|---|---|---|---|
| မော်ရိုကို | ၁ | - ၀ | ပေါ်တူဂီ | (ဝ၄၀) |

# ခရူဆာဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် မာကာဘူက နိုလ်ဂီဟနှင့် ယှဉ်ပြိုင်ထိုးသတ်မည်



ဖလော်ရီဒါ ဒီဇင်ဘာ ၁၀

WBC ခရူဆာဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ကွန်ဂိုလက်ဝှေ့သမား မာကာဘူက စိန်ခေါ်သူ အာမေးနီးယမ်း - ဂျာမန်နွယ်ဖွား နိုလ်ဂီဟနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်၌ ဖလော်ရီဒါပြည်နယ် မိုင်ယာမီတွင် ထိုးသတ်မည်ဖြစ်ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုလ်ဂီဟသည် WBC Silver ခရူဆာဝိတ်တန်းချန်ပီယံတစ်ဦးဖြစ်ပြီး WBC ခရူဆာဝိတ်တန်း လက်ရှိချန်ပီယံအား စိန်ခေါ်ခွင့်ရထားသည့် လက်ဝှေ့သမားဖြစ်သည်။

နိုလ်ဂီဟသည် မာကာဘူဆွတ်ခူးခဲ့ဖူးသည့် WBC Silver ခရူဆာဝိတ်တန်းချန်ပီယံ တစ်ဦးဖြစ်ပြီး မာကာဘူ ဆွတ်ခူးထားသည့် WBC ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို မာကာဘူထံမှ လွှဲပြောင်းရယူလိုကြောင်း ဝန်ခံပြောကြားခဲ့သည်။

မာကာဘူ၏ Promoter ဖြစ်သူဒွန်ကင်းက"ချန်ပီယံစိန်ခေါ်ပွဲကြီးကို လွတ်လပ်စွာကျင်းပကြမယ်။ ချန်ပီယံနှစ်ဦးကလဲ လွတ်လပ်စွာထိုးသတ်ကြလိမ့်မယ်။ လက်ရှိခရူဆာဝိတ်တန်း၏ အကောင်းဆုံးလက်ဝှေ့သမားနှစ်ဦးရဲ့ ထိပ်တိုက်တွေ့ဆုံတဲ့ စိန်ခေါ်ပွဲဖြစ်တဲ့အတွက် စိတ်ဝင်စားစရာကောင်းတဲ့ ပွဲဖြစ်ပါတယ်။ ပရိသတ်တွေ မျှော်လင့်နေတဲ့စိန်ခေါ်ပွဲဖြစ်ပါတယ်။ မာကာဘူနဲ့ နိုလ်ဂီဟတို့ရဲ့ စိန်ခေါ်ပွဲဟာ မိုင်ယာမီက လက်ဝှေ့ပရိသတ်တွေအတွက် အရမ်းကိုစိတ်လှုပ်ရှားစရာကောင်းစေမဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မာကာဘူသည်ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၃၁ ပွဲ ထိုးသတ်ထားသူဖြစ်ပြီး နိုင်ပွဲ ၂၉ ပွဲနှင့် ရှုံးပွဲ နှစ်ပွဲရရှိထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ပိုလန်လက်ဝှေ့သမားမီချယ်စီရယ်စလက်ခ်အား အနိုင်ထိုးသတ်နိုင်ခဲ့ပြီး WBC ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

နိုလ်ဂီဟသည် ၂၀၂၀ ပြည့်နှစ်က WBC Silver ခရူဆာဝိတ်တန်း ချန်ပီယံဆုအတွက် အမေရိကန်လက်ဝှေ့သမား ဂျက်ဆီဘရိုင်ယန်အားအနိုင်ရရှိကာ WBC Silver ခရူဆာဝိတ်တန်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

AZL

# ပြင်သစ်တင်းနစ်ကစားသမား မစ်ခ်လက်ကျူနှင့် ဂျူလက်စ်အိုကာလာတို့ ရာသက်ပန်ပွဲပယ် ချမှတ်ခံရ

လန်ဒန် ဒီဇင်ဘာ ၁၀

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် နိုင်ငံတကာ တင်းနစ်သမာဓိအေဂျင်စီက လုပ်ပွဲကစားခဲ့ကြသော ပြင်သစ်တင်းနစ်ကစားသမားများ ဖြစ်ကြသည့် မစ်ခ်လက်ကျူနှင့် ဂျူလက်စ်အိုကာလာတို့ကို ရာသက်ပန်ပွဲပယ် ပြစ်ဒဏ်ကျခံရမည့် စီရင်ချက်ချမှတ်လိုက်ကြောင်း Devdiscourse သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၉ နှစ်ရှိမစ်ခ်လက်ကျူသည် ကစားသမားဘဝသက်တမ်း တစ်လျှောက် လုပ်ပွဲနှင့်ပတ်သက်ပြီး စွဲချက် ရှစ်ချက်ဖြင့် တရားရင်ဆိုင်နေရသူဖြစ်ကာ ပြစ်ဒဏ်ထင်ရှားသဖြင့် ဒဏ်ငွေပြစ်ဒဏ် စတာလင်ပေါင် ၂၅၀၀၀ ကိုလည်းကောင်း၊ အသက် ၂၅ နှစ်ရှိ ဂျူလက်စ်အိုကာလာသည် လုပ်ပွဲနှင့်ပတ်သက်ပြီး စွဲချက်ခုနစ်ချက်ဖြင့် စွဲချက်တင်ခံခဲ့ရကာ ပြစ်မှုထင်ရှားသဖြင့် ငွေဒဏ်အဖြစ် စတာလင်ပေါင် ၁၂၁၇၀ ကိုလည်းကောင်း ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ရာသက်ပန် ပွဲပယ်ပြစ်ဒဏ်ဖြင့်လည်းရင်ဆိုင်ခဲ့ရသည်။

နိုင်ငံတကာ တင်းနစ်သမာဓိအေဂျင်စီက "ကစားသမားတွေကို ပြစ်ဒဏ်နဲ့ပတ်သက်ပြီး လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ရာမှာ လုပ်ပွဲကစားခဲ့တာ ပြစ်မှုထင်ရှားတဲ့အတွက် မစ်ခ်လက်ကျူနဲ့ဂျူလက်စ်အိုကာလာတို့ကို ရာသက်ပန် ပွဲပယ်ပြစ်ဒဏ်နဲ့ ရာသက်ပန် ပွဲတက်ရောက်ကြည့်ရှုခွင့် ပိတ်ပင်လိုက်တာဖြစ်ပါတယ်" ဟု ထုတ်ပြန်ခဲ့သည်။

မစ်ခ်လက်ကျူနှင့် ဂျူလက်စ်အိုကာလာတို့အား သက်ဆိုင်ရာ နိုင်ငံမှ တင်းနစ်အဖွဲ့ချုပ်ကလည်း အရေးယူမှုပြုလုပ်သွားမည်ဖြစ်သလို ပြင်သစ်နိုင်ငံ၏တည်ဆဲဥပဒေအရလည်း စုံစမ်းစစ်ဆေးမှုခံယူသွားရမည်ဖြစ်၍ ထပ်မံအရေးယူခံသွားရဖွယ်ရှိနေကြောင်း သိရသည်။

AZL

# ကမ္ဘာ့ဖလားသမိုင်းတွင် ဂိုးပေါက်ကာကွယ်မှုအများဆုံးနှင့် ပင်နယ်တီလေးကြိမ်ထိ ကာကွယ်နိုင်ခဲ့သည့် ဂိုးသမားအဖြစ် လီဗာကိုဗစ် စံချိန်သစ်တင်

ဒိုဟာ ဒီဇင်ဘာ ၁၀

ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းနှင့် ဘရာဇီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ခရိုအေးရှားအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူ၍ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် လက်စွမ်းပြနိုင်ခဲ့သည့် လီဗာကိုဗစ်အနေဖြင့် ကမ္ဘာ့ဖလားသမိုင်းတွင် ပင်နယ်တီကာကွယ်မှုအများဆုံးနှင့် ဂိုးပေါက်ကာကွယ်မှုအများဆုံး ပြုလုပ်နိုင်ခဲ့သည့် ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂိုးသမား လီဗာကိုဗစ်သည် ဘရာဇီးအသင်း၏ ဂိုးပေါက်ခြိမ်းခြောက်မှုများကို ၁၁ ကြိမ် ကာကွယ်မှုပြုလုပ်နိုင်ခဲ့သည့်အပြင် ပင်နယ်တီအဆုံးအဖြတ်တွင်လည်း ဘရာဇီးကစားသမား ရိုဒရီဂို၏ ကန်သွင်းမှုကို ကာကွယ်နိုင်ခဲ့ဖြင့် ယှဉ်ပြိုင်ပွဲတွင် ပင်နယ်တီကာကွယ်မှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားသမိုင်း ရှုံးထွက်အဆင့်တွင် ပင်နယ်တီကာကွယ်မှု ပြုလုပ်နိုင်သည့် ကစားသမားများမှာ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပေါ်တူဂီ ဂိုးသမားရီကာဒိုက သုံးကြိမ်နှင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ခရိုအေးရှား ဂိုးသမား ဆူဘာဆစ်က သုံးကြိမ်ဖြင့် ရပ်တည်နေသော်လည်း ယခုပြိုင်ပွဲတွင် လီဗာကိုဗစ်က (၁၆) သင်း ရှုံးထွက်အဆင့်တွင် ဂျပန်အသင်း၏ ပင်နယ်တီကန်သွင်းမှု သုံးကြိမ်နှင့် ဘရာဇီးအသင်း၏ ပင်နယ်တီ ကန်သွင်းမှု တစ်ကြိမ်ကို ကာကွယ်မှု ပြုလုပ်နိုင်ခဲ့သောကြောင့် ပင်နယ်တီ လေးကြိမ်ထိ ကာကွယ်နိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



အသက် ၂၇နှစ်ရှိ လီဗာကိုဗစ်သည် ခရိုအေးရှားကလပ် ဒိုင်နမို ဇာဂရက်အသင်းတွင် ကစားနေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် လက်ရွေးစင်အသင်း၌ စတင်ရွေးချယ်ခံရသော်လည်း ဂိုးသမားဆူဘာဆစ်၏ နောက်တွင် ဒုတိယဦးစားပေး ဂိုးသမားအဖြစ်သာ ပါဝင်ခဲ့ပြီးနောက် ၎င်းအနေဖြင့် ၂၀၁၈ ကမ္ဘာ့ဖလားအပြီးတွင် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှ အနားယူသွားသဖြင့် လီဗာကိုဗစ်က ဦးစားပေး ဂိုးသမား ဖြစ်လာခဲ့ပြီး ပြိုင်ပွဲစုံတွင် ၃၉ ပွဲ ပါဝင်ကစားခဲ့ကြောင်း သိရသည်။

ML

# နယ်သာလန်အသင်းနည်းပြ ဗန်ဟား နည်းပြရာထူးမှ နုတ်ထွက်မည်

အမ်စတာဒမ် ဒီဇင်ဘာ ၁၀

နယ်သာလန် အသင်းနည်းပြ ဗန်ဟားသည် လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြရာထူးမှ မကြာမီနုတ်ထွက်သွားမည်ဖြစ်ပြီး ၎င်း၏နေရာတွင် ရော်နယ်ဒိုကိုးမန်းနှင့် အစားထိုးသွားမည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၇၁ နှစ်ရှိ နည်းပြဗန်ဟားသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဩဂုတ်လကစတင်ပြီး နည်းပြဒီဘိုးဝါးကို ထုတ်ပယ်ခဲ့ပြီးနောက် လစ်လပ်နေသည့် နည်းပြရာထူးအတွက် နယ်သာလန်အသင်းကို တတိယအကြိမ်မြောက်အဖြစ် စတင်တာဝန်ယူ ကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းများဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် နည်းပြ ဗန်ဟားသည် အသက်အရွယ်ရရှိနေပြီဖြစ်သကဲ့သို့ ကင်ဆာရောဂါခံရှိနေသူလည်း ဖြစ်သည့်အတွက် လာမည့်ရက်ပိုင်းအတွင်း အသင်းမှ တတိယအကြိမ်မြောက်အဖြစ် ထွက်ခွာမည်ဖြစ်ပြီး နယ်သာလန် ဘောလုံးအဖွဲ့ချုပ်ကလည်း ၎င်း၏ နေရာတွင် ဘာစီလိုနာအသင်း နည်းပြဟောင်း ရော်နယ်ကိုးမန်းနှင့်အစားထိုးရန် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

နည်းပြ ဗန်ဟားသည် နယ်သာလန်အသင်းကို ပထမတစ်ကြိမ်အဖြစ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၁ ခုနှစ်ထိ လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိလည်းကောင်း၊ ယခုအခါ တတိယအကြိမ်အဖြစ် ၂၀၂၁ ခုနှစ်မှ လက်ရှိအချိန်ထိ တာဝန်ယူ ကိုင်တွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA




# ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ မြို့အသီးသီး၌ ဒီဇင်ဘာလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့အသီးသီး၌ စည်ကား သိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ နေပြည်တော်၌ ကျင်းပခဲ့သည့် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့တွင် စုရပ်အဖြစ် သတ်မှတ်ပြီး အဆိုပါလူထုစုပေါင်းလမ်းလျှောက်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ဗဟိုအဆင့်အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပြည်သူများ စုစုပေါင်း ဦးရေ ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

လူထုစုပေါင်း လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများသည် သတ်မှတ်လမ်းကြောင်း အတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး စုရပ်နေရာဖြစ်သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ပြန်လည် ပန်းဝင်ခဲ့ကြပြီးနောက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ပါဝင်ဆင်နွှဲခဲ့ကြသူများကို ရေသန့်ဘူးများနှင့်အာဟာရ မုန့်များပေးဝေခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပုသိမ်မြို့၌ ပါဝင်သူ ဦးရေ ၁၁၅၀ ဖြင့် လည်းကောင်း၊ မုံရွာမြို့တွင် ပါဝင်သူ ဦးရေ ၁၀၀၀ ကျော်ဖြင့် လည်းကောင်း၊ အမရပူရမြို့နယ်တွင် ဦးရေ ၁၀၀၀ခန့်ဖြင့် လည်းကောင်း၊ ရမည်းသင်းမြို့၊ မိတ္ထီလာမြို့၊ မကွေးမြို့၊ ဘိုကလေးမြို့နှင့်ကျုံပျော်မြို့၊ ရွှေဘိုမြို့၊ တောင်ကြီးမြို့တို့တွင်လည်း စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ဘရာဇီးသမ္မတသစ်အတွက် ကျန်းမာရေးကဏ္ဍစိန်ခေါ်မှုများ

လက်တင်အမေရိကဟုဆိုလိုက်လျှင် တောင်အမေရိကတိုက်နှင့်အတူတူဟုထင်ကြသည်။ အကြမ်းဖျင်းအရတော့ မှန်ပါသည်။ အသေးစိတ်လေ့လာကြည့်လိုက်တော့ လက်တင်အမေရိကဒေသဟု သုံးနှုန်းလိုက်လျှင် ပထဝီမြေမျက်နှာပြင်အရ တောင်အမေရိကတိုက် တစ်ခုလုံးသာမက မြောက်အမေရိကတိုက်အတွင်းမှ မက္ကဆီကိုနိုင်ငံ၊ အမေရိကန်အလယ်ပိုင်းဒေသအပြင် ကာရစ်ဘီယံကျွန်းစုများထိ ပါဝင်နေသည်။

သည်တော့ တောင်အမေရိကဟူသည့်အခေါ်အဝေါ်ထက် လက်တင်အမေရိကဟူသည့်အခေါ်အဝေါ်က ပိုကျယ်ပြန့်သည်။ တစ်ချိန်က ပြင်သစ်၊ စပိန်နှင့်ပေါ်တူဂီတို့ကြီးစိုးခဲ့ရာ အမေရိကတိုက် ဒေသများမှ နိုင်ငံများအားလုံး ပါဝင်နေသည်။

ဘာသာစကားသုံးစွဲမှုအရ ကြည့်ပြန်လျှင်လည်း လက်တင်အမေရိကဒေသတွင် စပိန်စကားပြောနိုင်ငံများနှင့် ပေါ်တူဂီစကားပြောနိုင်ငံဟူ၍ ကွဲနေသည်။ ထိုထဲတွင်မှ တောင်အမေရိကတိုက်၏ မြေပိုင်ဆိုင်မှု အကြီးမားဆုံးနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံက ပေါ်တူဂီစကားပြောနိုင်ငံဖြစ်သည်။

ဘရာဇီးနိုင်ငံက ကမ္ဘာပေါ်တွင် ပဥ္စမမြောက် အကျယ်ပြန့်ဆုံးနိုင်ငံဖြစ်သည်။ လူဦးရေ ၂၁၇ သန်းကျော်ရှိပြီး ကမ္ဘာ့လူဦးရေအများဆုံးနံပါတ် ခုနစ်နေရာတွင် ရှိသည်။ ကမ္ဘာ့ဘောလုံးလောက အကျော်အမော်များ မွေးထုတ်ပေးရာနိုင်ငံအဖြစ် လူသိများသည်။ မြောက်နှင့်တောင် အမေရိကတိုက်များတစ်ခွင် ပေါ်တူဂီဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုနေသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံက တောင်အမေရိကတိုက်အရှေ့ဘက် ကမ်းရိုးတန်းနေရာ ထက်ဝက်ကျော်ကို အုပ်စိုးထားသည်။ ကမ်းရိုးတန်းအရှည် ၄၆၅၅ မိုင်ရှိသဖြင့် ရေထွက်သယံဇာတ အဘယ်မျှများမည်ကို ခန့်မှန်းကြည့်နိုင်သည်။

နိုင်ငံအတွင်း လူမျိုးစုပေါင်းစုံလင်သလို ရာသီဥတုနှင့် သတ္တဝါမျိုးစိတ်လည်း စုံလင်သည့်နိုင်ငံဖြစ်သည်။ ကျယ်ဝန်းသည့်နိုင်ငံဖြစ်သည့်အတွက် ဖက်ဒရယ်ဒီမိုကရေစီအုပ်ချုပ်မှုစနစ်ဖြင့် သွားသည်။ သမ္မတသည် နိုင်ငံတော်၏ဦးသျှောင်ဖြစ်သည်။ သမ္မတသက်တမ်းမှာ လေးနှစ်ဖြစ်သဖြင့် လေးနှစ်တစ်ကြိမ် သမ္မတသစ်ရွေးချယ်တင်မြှောက်ကြသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် သမ္မတသစ်ရွေးကောက်ပွဲကျင်းပခဲ့ပြီး လက်ရှိသမ္မတ ဂျဲဘော်လ်ဆိုနာရို (Jair Bolsonaro) သည် ယခင်သမ္မတဖြစ်ခဲ့ဖူးသည့် လူလာဒါဆေးလ်ဗား (Luiz Inácio Lula da Silva) ကို ရှုံးနိမ့်သွားခဲ့သည်။

တစ်ကျော့ပြန်သမ္မတဖြစ်လာမည့် လူလာအတွက် ၂၀၂၃ ခုနှစ် လျာထားကျန်းမာရေးအသုံးစရိတ်ဘတ်ဂျက်သည် အဓိကစိန်ခေါ်မှုဖြစ်လာမည်ဟု ခန့်မှန်းထားကြသည်။ ဘရာဇီးနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို SUS ဟု အတိုကောက်ခေါ်ကြသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံသားအားလုံးအတွက် အခမဲ့ခံစားခွင့်ပြုထားသည်။ ယနေ့ နိုင်ငံစုံမှ တွင်တွင်ပြောနေကြသည့် တစ်နိုင်ငံလုံးလွှမ်းခြုံမည့် "လူတိုင်းလက်လှမ်းမီသောကျန်းမာရေးစောင့်ရှောက်မှုစနစ်" (Universal Health Care, UHC) သည် ဘရာဇီးနိုင်ငံတွင် ၁၉၈၈ ခုနှစ်ကတည်းက စတင်ခဲ့သည်။ သို့သော် ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို မရောက်နိုင်သေးပေ။ နေရာတိုင်းတွင် ပြဿနာကိုယ်စီနှင့်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံအတွင်း လူဦးရေ ၁၀၀၀ အတွက် ဆရာဝန် ၁ ဒသမ ၈ ဦးနှင့်ဆေးရုံခုတင် ၂ ဒသမ ၃ နေရာစာရှိသည်။ နိုင်ငံ GDP ၏ ကိုးရာခိုင်နှုန်းကို ကျန်းမာရေးကဏ္ဍအတွက် သုံးစွဲသည်။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ဘရာဇီးနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမှာ နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် ၁၂၅ နေရာ၌ရှိနေသည်ဆို၍ အခြေအနေသိပ်မကောင်းလှဟု ဆိုရမည်။

သည်လိုအခြေအနေမျိုးတွင်မှ ၂၀၂၃ ခုနှစ်အတွက် ကျန်းမာရေးအသုံးစရိတ် လျာထားချက်ကို လျှော့ချခံထားရခြင်းဖြစ်သည်။ ဘရာဇီးအမျိုးသားကျန်းမာရေးကောင်စီ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွက် ကျန်းမာရေးဘတ်ဂျက်မှာ လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်မှာ ဘရာဇီးနိုင်ငံသုံး ရီးယဲလ်ဒေါ်လာ ၁၄၉ ဒသမ ၉ ဘီလီယံဖြစ်ပြီး ၎င်းပမာဏမှာ ၂၀၂၂ ခုနှစ် အသုံးစရိတ်အောက် ရီးယဲလ်ဒေါ်လာ ၂၂ ဒသမ ၇ ဘီလီယံ လျော့နည်းနေသည်ဟုဆိုသည်။

အမျိုးသားကျန်းမာရေးကောင်စီ၏ ခန့်မှန်းချက်အရ ကျန်းမာရေးဘတ်ဂျတ် ဖြတ်တောက်ခံရသည့်အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ HIV/AIDS ရောဂါ အပါအဝင် အခြားသောလိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကဏ္ဍများနှင့် ကာကွယ်ဆေးထိုးကဏ္ဍများကို ထိခိုက်စေမည်ဖြစ်သည်။

သမ္မတသစ်ရွေးကောက်ပွဲ မဲဆွယ်ကာလများဆီကတော့ သမ္မတလောင်း လူလာက အခြေခံကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးမည်ဟု ကတိပေးခဲ့သည်။ ကျန်းမာရေးအချက်အလက်ပေးပို့သည့်စနစ်များကို ပြန်လည်တည်ဆောက်အဆင့်မြှင့်တင်မည်၊ ဆေးသုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမည်၊ ရောဂါကာကွယ်ထိုးဆေးမျိုးစုံ ထုတ်လုပ်မှုများကို နိုင်ငံတော်အဆင့်တိုးချဲ့ထုတ်လုပ်မည် စသည်ဖြင့် ကတိကဝတ်များပြုခဲ့သည်။

မကြာမီဖွဲ့စည်းတော့မည့် အစိုးရသစ်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစီမံချက်တစ်ခုကို ဖော်ဆောင်ပြီး နိုင်ငံအဝန်း ကိုဗစ်ကာကွယ်ဆေးထိုးနှံထားနိုင်မှုဧရိယာကိုတိုးချဲ့ရန် ရည်မှန်းထားခြင်းလည်းရှိသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလထိ အရွယ်ရောက်ပြီးသူ ဘရာဇီးနိုင်ငံသား ၈၁ ရာခိုင်နှုန်းမှာ အားဖြည့်ကိုဗစ်ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်စီထိုးနှံပြီးကြပြီဟုဆိုသည်။ လူနာ၏ အစိုးရသစ်အနေဖြင့် ၎င်းထိုးနှံပြီးစီးမှုပမာဏကို ၉၅ ရာခိုင်နှုန်းကျော်ထိ တိုးမြှင့်နိုင်ရန် မျှော်လင့်ထားသည်။

နိုင်ငံတစ်နိုင်ငံတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုစနစ် ကောင်းမွန်ရန်လိုသည်။ အခြေခံကျန်းမာရေးစနစ် ကောင်းမွန်ပါက ကျန်းမာရေးပြဿနာများ၏ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းကို ဖြေရှင်းနိုင်သည်။ အခြေခံကျန်းမာရေးစနစ် မကောင်းမွန်ဘဲ အဆင့်မြင့်ဆေးရုံကြီးများ တည်ဆောက်နေခြင်းက ရေမြောင်းထဲ ရေများသွန်ချလိုက်သကဲ့သို့ အလဟဿဖြစ်သွားမည်။

လက်ရှိသမ္မတ ဘော်လ်ဆိုနာရိုလက်ထက် ၂၀၂၀ ပြည့်နှစ်မှစတင်လျက် Previne Brasil အမည်ရသည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုစီမံချက်တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ထိုစီမံချက်အရ ဗဟိုအစိုးရ၏ ကျန်းမာရေးရန်ပုံငွေများကို အောက်ခြေမြို့နယ်အဆင့်များထိ ခွဲဝေပေးလိုက်သည်။ ရည်ရွယ်ချက်က နာမကျန်းဖြစ်နေသူများကို ဦးစားပေးကုသနိုင်ရန်ဖြစ်သည်။ အားနည်းချက်ကတော့ ပုံမှန်ကျန်းမာနေသူများအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကြိုတင်ရှာဖွေရေးနှင့် ပညာပေးရေးလုပ်ငန်းများတွင် အလွန်အားနည်းသွားသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အားလုံးကိုထည့်သွင်းတွက်ချက်ရသည်။ အကြောင်းအရာတစ်ခုတည်းကိုပင် ဇောင်းပေး၍ မရ။

**❖ လက်ရှိသမ္မတ ဘော်လ်ဆိုနာရိုလက်ထက် ၂၀၂၀ ပြည့်နှစ်မှ စတင်လျက် Previne Brasil အမည်ရသည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုစီမံချက်တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ထိုစီမံချက်အရ ဗဟိုအစိုးရ၏ ကျန်းမာရေးရန်ပုံငွေများကို အောက်ခြေမြို့နယ် အဆင့်များထိ ခွဲဝေပေးလိုက်သည်။ ရည်ရွယ်ချက်က နာမကျန်းဖြစ်နေသူများကို ဦးစားပေးကုသနိုင်ရန်ဖြစ်သည်။ အားနည်းချက်ကတော့ ပုံမှန် ကျန်းမာနေသူများအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကြိုတင် ရှာဖွေရေးနှင့် ပညာပေးရေးလုပ်ငန်းများတွင် အလွန်အားနည်းသွားသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အားလုံးကိုထည့်သွင်း တွက်ချက်ရသည်။ ❖**

Previne Brasil စီမံချက်ကြောင့် ဘရာဇီးနိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ များစွာထိခိုက်သွားသည်။ မကြာမီ တက်လာတော့မည့် လူလာ၏အစိုးရသစ်က Previne Brasil ကဲ့သို့ မူဝါဒ၊ စီမံချက်အမှားများကို ပြန်လည်ကုစားပေးနိုင်မည်ဟု မျှော်မှန်းလာကြသည်။

လူလာအစိုးရသစ်အတွက် နောက်ထပ်စိန်ခေါ်မှုတစ်ခုက ကျန်းမာရေးဝန်ထမ်း လူသားအရင်းအမြစ်များကိုစုစည်းပြီး စနစ်တကျစီမံခန့်ခွဲနိုင်ရန်ဖြစ်သည်။ လူဦးရေသန်း ၂၀၀ ကျော်ရှိနေသည့် နိုင်ငံတွင် မိသားစုဆရာဝန်ပင် ခေါ်ခေါ်၊ အထွေထွေရောဂါကုဆရာဝန်ပင်ပြောပြော အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့်ဆရာဝန်က ၁၀၀၀၀ ခန့်သာရှိနေသည်။ ဘရာဇီးနိုင်ငံအတွက် အမှန်တကယ်လိုအပ်သည့် အထွေထွေရောဂါကုဆရာဝန်ဦးရေက ၇၀၀၀၀ ခန့်ဖြစ်သည်။

အထွေထွေရောဂါကုဆရာဝန် နည်းပါးရသည့်အထဲ နိုင်ငံတစ်ဝန်း ဖြန့်ကြက်ထားနိုင်မှုကလည်း အားနည်းနေပြန်သည်။ နိုင်ငံ၏အရှေ့တောင်ဘက်ပိုင်း လူဦးရေသိပ်သည်းသည့်ဒေသများတွင်သာ အထွေထွေရောဂါကုဆရာဝန်ဦးရေ များပြားနေပြီး အထွေထွေရောဂါကုဆရာဝန်လုံးဝမရှိသည့် ကျေးလက်ဒေသများလည်း ရှိနေပြန်သည်။ ဆရာဝန်လိုအပ်ချက်ပြဿနာကိုဖြေရှင်းရန် ပြည်ပမှဆရာဝန်များခေါ်ယူခန့်အပ်မလား၊ ပြည်တွင်းဆရာဝန်များကိုပင် နိုင်ငံတွင်းမှာ တာဝန်ထမ်းဆောင်နိုင်ရန် မက်လုံးပေးစည်းရုံးမလား အဖြေရှာကြရန်လိုသည်။ နောင်တက်လာမည့်အစိုးရသစ်အတွက် စိန်ခေါ်မှုများဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအပေါ် အသုံးစရိတ် လျှော့ချလိုက်ခြင်းနှင့်အတူ ဆရာဝန်များတိုင်းပြည်ကိုစွန့်ခွာမှု များပြားလာသည်။ သူတို့နှင့်ထိုက်တန်သည့် လစာဝင်ငွေမရရှိခြင်း၊ တတ်ထားသမျှပညာကို အကုန်အစင်အသုံးမချနိုင်ခြင်း စသည့်အကြောင်းရင်းများစွာကြောင့် တန်ဖိုးရှိသည့်ဦးနှောက်ပိုင်ရှင်များစွာ ဘရာဇီးကို စွန့်ခွာသွားခဲ့ကြသည်။

မကြာခင် သမ္မတအိမ်တော်ကိုရောက်ရှိလာတော့မည့် တစ်ကျော့ပြန် ဘရာဇီးသမ္မတသစ် လူလာ၏ အစိုးရအဖွဲ့အတွက် ကျန်းမာရေးကဏ္ဍ စိန်ခေါ်မှုများကို မည်သို့ရင်ဆိုင်ဖြေရှင်းသွားကြမလဲဆိုသည်ကို ဆက်လက်စောင့်ကြည့်ကြရန် ဖြစ်ပါသည်။

**ကိုးကား**

- **Health-care challenges for new Brazilian President by Lise Alves from Lancet Nov21,2022**

**ဒေါက်တာလွှမ်းမိုးဟန်**

## တမူးမြို့နယ် တိန်းကယား(ဗမာ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တမူး ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိန်းကယား (ဗမာ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တမူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူခိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ တိန်းကယား(ဗမာ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

တိန်းကယား(ဗမာ)ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ ကျောက်ရောမြေကိုးလက်မခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၇၃ သန်းဖြင့် သိန်းဇော်စိုးစံကုမ္ပဏီက စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တိန်းကယား(ဗမာ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၈၀၊ လူ ၄၀၃ ဦးတို့၏ စိုက်ပျိုးမြေ ဧက ၃၀၀ ကျော်မှထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တမူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**

# ရုရှားနိုင်ငံ၌ ကျင်းပမည့် မော်စကိုအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခုနစ်ခု ပါဝင်ပြသသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရုရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မတ်လအတွင်း ကျင်းပမည့် မော်စကိုအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခုနစ်ခု ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောပြ၍ သိရသည်။

မော်စကိုအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခုနစ်ခု သွားရောက်ကာ မြန်မာနိုင်ငံ၏ ခရီးသွားဒေသများရှိ အလှအပဓာတ်ပုံများ၊ ခရီးစဉ်ဒေသများရှိ အထင်ကရနေရာများ၏ အကြောင်းအရာများကို ဗီဒီယိုကလစ်များဖြင့် ပြပွဲလာများကို ရှင်းလင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“ရုရှားနိုင်ငံမှာ ကျင်းပမဲ့ မော်စကိုအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲကို ၂၀၂၃ ခုနှစ် မတ် ၁၂ ရက်ကနေ မတ် ၁၄ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ခရီးသွားကုမ္ပဏီခုနစ်ခုက ခရီးသွားဒေသတွေအကြောင်း မိတ်ဆက်ပြသပြီး ခရီးစဉ်တွေ သွားရောက်ရောင်းချပေးဖို့ စာရင်းပေးသွင်းပြီးဖြစ်ပါတယ်။ ရုရှားနိုင်ငံက ခရီးသွားကုမ္ပဏီတွေကိုလဲ မြန်မာနိုင်ငံကိုဖိတ်ခေါ်ပြီး မြန်မာနိုင်ငံက ခရီးစဉ်တွေကို သိရှိလာဖို့အတွက် ဆောင်ရွက်သွားမှာပါ”ဟု ဦးနောင်းနောင်းဟန်က ပြောပြသည်။

ရုရှားခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ရန်အတွက် ရုရှားနိုင်ငံတွင် ပြုလုပ်မည့် ခရီးသွားပြပွဲများတွင် ခရီးစဉ်ဒေသများ မိတ်ဆက်ပြသခြင်း၊ ခရီးစဉ်ရောင်းချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ရုရှားနိုင်ငံမှ ခရီးသွားကိုယ်စားလှယ်များ၊ ခရီးသွားအေဂျင်စီများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများကို လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပြသခြင်းဖြင့်လည်း မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ ပိုမိုရင်းနှီးလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Bikeriders ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်

**နယူးယောက် ဒီဇင်ဘာ ၁၀**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ The Bikeriders ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၉ ရက်တွင် ရေးသားတင်ပြထားသည်။


The Bikeriders ဇာတ်ကားသည် အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသရှိ ဆိုင်ကယ်စီးအသင်းတစ်သင်းမှ အသင်းဝင်များ၏ဘဝကို အခြေခံရိုက်ကူးထားသော ဒရာမာဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျက်နစ်ကိုးက ရိုက်ကူးပေးခဲ့ခြင်းဖြစ်ပြီး မင်းသား အော်စတင်ဘတ္တလာ၊ တွမ်ဟာဒီနှင့် မိုက်ကယ်ရှန်နွန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ လက်ရှိတွင် ၂၀ ရာစုရုပ်ရှင် စတူဒီယိုသည် The Bikeriders ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမေရိကန်ဓာတ်ပုံဆရာ ဒါရိုက်တာ ဒန်နီလီယွန်၏ The Bikeriders အမည်ရှိ ဓာတ်ပုံစာအုပ်ကိုအခြေခံ၍ ဒါရိုက်တာ ဂျက်နစ်ကိုးကပင် ရေးသားပေးထားသည်။

The Bikeriders ဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် ရုံတင်ပြသရန် ၂၀ ရာစုစတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

KKO






# ကွက်လပ်မရှိ ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကွက်လပ်မရှိ ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြ၍ သိရသည်။

ကွက်လပ်မရှိ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာ လယ်တွင်းသားစောချစ်၏ ဝတ္ထုဇာတ်လမ်းကို ဟိန်းဇော်ဦး၊ အေးချမ်းမွန်နှင့် ယမင်းဖြိုးဝေတို့က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည်သစ်နိုင်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်လမ်းတွဲကလဲ ဆရာကြီး လယ်တွင်းသားစောချစ်ရဲ့ ဝတ္ထုဖြစ်တဲ့အတွက် ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ပါတယ်။ ကြိုးစားပြီးတော့ သရုပ်ဆောင်ထားပါတယ်။ သမားရိုးကျ အချစ်ဇာတ်လမ်းမျိုးမဟုတ်ဘဲ လှည့်ကွက်တွေနဲ့ ဆွဲခေါ်သွားမဲ့ ဇာတ်လမ်းလို့ပဲ ပြောချင်ပါတယ်။ အပိုင်း (၂၀) လောက်ရှိမယ်ထင်ပါတယ်။ သရုပ်ဆောင်တွေကတော့ MRTV-4 ရုပ်သံဇာတ်လမ်းတွေမှာ ပါဝင်နေကျ သရုပ်ဆောင်တွေပဲဖြစ်ပါတယ်”ဟု သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြသည်။




အဆိုပါ ကွက်လပ်မရှိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ထက်ဇော်၊ ရှင်မွေလ၊ နေလင်းရှိန်၊ အလင်းသစ်၊ ပိုးကြာဖြူခင်၊ ဝိုင်းရွှေရည် စသည့် MRTV-4 သရုပ်ဆောင်များအပြင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် သရုပ်ဆောင် ခိုင်နှင်းဝေ၊ သန်းသန်းစိုး၊ နန်းခမ်းဝါတို့က အားဖြည့်ကူညီပေးထားကြောင်း သိရသည်။

ASH

# Rush Hour-4 ဇာတ်ကားရိုက်ကူးရေးအတွက် New Line Cinema ကုမ္ပဏီ စီစဉ်နေ

**နယူးယောက် ဒီဇင်ဘာ ၁၀**

Rush Hour-4 ဇာတ်ကား ရိုက်ကူးရေးအတွက် New Line Cinema ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း Variaty သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Rush Hour-4 အတွက် ပြင်ဆင်နေမှုကို အသက် ၆၈ နှစ်အရွယ် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းက ဒီဇင်ဘာ ၈ ရက်က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

Rush Hour-4 ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို မင်းသားကြီး ဂျက်ကီချန်းက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ယခင် ရိုက်ကူးပြသခဲ့ပြီးဖြစ်သော Rush Hour ဇာတ်ကား သုံးကားကိုမူ ဒါရိုက်တာ ဘရက်ရတ်သိနာက ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

Rush Hour ဇာတ်ကားများသည် မင်းသားကြီး ဂျက်ကီချန်းနှင့် ခရစ်တပ်ကာတို့ ပါဝင်သရုပ်ဆောင်ထားသော ကမ္ဘာကျော်ဟာသ အက်ရှင်ဇာတ်ကားများဖြစ်သည်။

Rush Hour-4 ၌ မင်းသား ခရစ်တပ်ကာ ပြန်လည်ပါဝင်လာနိုင်ဖွယ်ရှိ၊ မရှိကို မသိရသေးကြောင်း သိရသည်။

KKO



# သရုပ်ဆောင် ဖူးဖူးက လှည်းကူးမြို့နယ် အောင်သုခမေတ္တာရိပ်သာခွဲ(ကျွန်းကလေး)၌ မွေးနေ့အလှူပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

သရုပ်ဆောင်ဖူးဖူးက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အောင်သုခမေတ္တာရိပ်သာခွဲ (ကျွန်းကလေး)တွင် ဒီဇင်ဘာ ၉ ရက်က မွေးနေ့အလှူ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ဖူးဖူးက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ဖူးဖူးသည် မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ အောင်သုခမေတ္တာရိပ်သာခွဲ (ကျွန်းကလေး) အတွက် မီးစက်မောင်းရန် စက်သုံးဆီတစ်ပီပါ၊ နဝကမ္မငွေကျပ်တစ်သိန်းနှင့် ရိပ်သာရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် တရားစခန်းရှိ ယောဂီများကို နံနက်စာ ကျွေးမွေးလှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“နှစ်စဉ် မွေးနေ့တွေမှာတော့ အလှူဒါနအနေနဲ့ ကြီးကြီးကျယ်ကျယ်မလုပ်ဖြစ်ပေမဲ့ နိုင်သလောက် အလှူတွေတော့ လုပ်ဖြစ်ပါတယ်။ ဒီနေ့ကတော့ တရားစခန်းဝင်ခဲ့တဲ့ လှည်းကူးက ကျွန်းကလေး အောင်သုခမေတ္တာရိပ်သာခွဲမှာ မီးစက်မောင်းဖို့အတွက် ဆီတစ်ပီပါ၊ နဝကမ္မအလှူငွေနဲ့ ရိပ်သာမှာရှိတဲ့ သံဃာတော်တွေကို နေ့ဆွမ်းဆက်ကပ်ခဲ့သလို ယောဂီတွေကိုလဲ မနက်စာထမင်းနဲ့ဟင်း အာဟာရဒါနပြုခဲ့ပါတယ်”ဟု သရုပ်ဆောင် ဖူးဖူးက ပြောပြသည်။

သရုပ်ဆောင် ဖူးဖူးသည် ဒီဇင်ဘာ ၇ ရက်ကလည်း မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီးရှိ ဝက်ပါပရဟိတဂေဟာ မူကြိုကျောင်းတွင် ဆန်နှစ်အိတ်၊ ဆီနှစ်ပုံး၊ ကြက်ဥ ၁၀ ကတ်နှင့် ကလေးများကို စားစရာမုန့်များ လှူဒါန်းခြင်း၊ မွန်မြတ်စိတ်ထားတွယ်ရာမဲ့ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို နံနက်စာ ထမင်း၊ ဟင်းနှင့် ဖာလူဒါတို့ကို အာဟာရဒါနအဖြစ် ကျွေးမွေးလှူဒါန်းခြင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဝင်ငွေနည်းမိသားစု ၁၀၀ ကို အာဟာရဒါနအဖြစ် ကြက်သားဟင်းနှင့် ထမင်းလှူဒါန်းခြင်း၊ မာမီကွတ်ဖောင်ဒေးရှင်းရှိ ကလေးငယ်များကို ထမင်းနှင့် ဟင်းလျာများ အာဟာရဒါနအဖြစ် ကျွေးမွေးလှူဒါန်းခြင်းနှင့် Better Life Shelter ဂိလာနဒုက္ခိတခွေးလေးများဂေဟာတွင် ခွေးကလေးများကို တစ်နပ်စာကျွေးမွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မွေးနေ့အလှူအတွက် စုစုပေါင်းငွေကျပ်သိန်း ၄၀ ခန့်ဖြစ်ကြောင်း သိရသည်။ ASH

# 74th Anniversary International Human Rights Day observed; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address



SAC Chairman Prime Minister Senior General Min Aung Hlaing delivers the 74th Anniversary International Human Rights Day address.

**Nay Pyi Taw December 10**

The 74th Anniversary International Human Rights Day was observed at Myanmar International Convention Centre-1 here this morning with an address by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Moe Myint Tun, Mahn Nyein Maung, Daw Aye Nu Sein, Jeng Phan Naw Taung, Lt-Gen Soe Htut and Lt-Gen Yar Pyae, Union level officials, Union ministers, the Nay Pyi Taw Council chairman, senior military officers, the Nay Pyi Taw Command commander, deputy ministers, officials of Myanmar National Human Rights Commission, guests and students.

Senior General said it was 74 years ago that the Universal Declaration of Human Rights, which includes norms of human rights, was adopted. Myanmar became a member of UN on 19 April 1948 soon after it regained independence. It voted in favour of the Universal Declaration of Human Rights when its adoption and promulgation was voted on 10 December 1948 at the UN General Assembly. Global countries are observing the ceremonies to mark the Universal Declaration of Human Rights annually on 10 December on which it was adopted. The declaration enshrines a provision, **"All human beings are born free and equal in dignity and rights."** Likewise, the practice of all human beings to acknowledge and value dignity and rights of others without any discrimination in exercising their rights and freedom is also the vital essence of human rights.

The declaration also proclaims the need to practice human rights within limits of legal framework to fulfill the rational needs of society which are moral conducts, community peace and tranquility and public interest. Hence, people should not ignore or fail to respect others' freedom and rights and moral conducts in exercising their freedom and rights.

As a show of respects to the human rights norms of the declaration, majority of world countries adopted them in writing and promulgating their constitutions. Likewise, the 2008 Constitution of the Republic of the Union of Myanmar enshrines "Citizens and Fundamental Rights and Duties of Citizens" as a chapter. It enacted the **Myanmar National Human Rights Commission Law** to further protect the fundamental rights enshrined in the Constitution. It also set up Myanmar National Human Rights Commission that is promoting and checking the human rights issue through protective measures and awareness campaigns.

In order to render cooperation in and value the human rights issue, Myanmar is a signatory to Convention on the Rights of the Child, Convention on the Elimination of All Forms of Discrimination Against Women, Convention on the Rights of Persons with Disabilities, and International Covenant on Economic, Social and Cultural Rights, which are the main agreements of the human rights issue. The country has also signed some of the related protocols.

State peace and stability is instrumental in ensuring full rights and socio-economic progress of the citizens. In the efforts to ensure equal rights of the national races and national solidarity, it is known to all that emphasis has been placed on peace talks by inviting various ethnic armed organizations.

Our national races are the people who respect and value humanity and human rights, which is in accord with their religious and cultural traditions and national characters. For the wellbeing of humanity, the Myanmar society has such blessings as good behaviour, character and ethics. In other words, there are ethical standards in various fields of relationship like parental, child, teacher, pupil, husband, wife, friend and leader ethics as well as 38 blessings related to relationship, living, teaching, care-giving, sincerity, patience, frugality and kindheartedness. All of them are accepted by the majority of our people as their traditions and customs.

The Universal Declaration of Human Rights (UDHR) will be 75 years old in 2023 and from the 74th International Human Rights Day today until the next event, all are urged to carry out activities that reflect the UDHR, a good legacy of the entire humanity.

All those responsible officials are to cooperate in conducting educative campaigns for all the people to be able to have better understanding of UDHR and better and positive attitudes towards human rights so that Myanmar can create a society that respects human rights.

Next, Myanmar National Human Rights Commission Chairman U Hla Myint explained activities of the commission and Vice Chairperson Dr Nanda Mon read the message of the UN Secretary General.

Afterwards, the Senior General and those in attendance watched the video clip on human rights.

Then, the Senior General presented prices to winners of commemorative poem, cartoon and article contests.

The Myanmar National Human Rights Commission (MNHRC) Application launched and artists of the Fine Arts Department under the Ministry of Religious Affairs and Culture performed with a song Human Rights for All.

Later, the Senior General and attendees viewed the documentary photos on the MNHRC's activities on human rights promotion and education. 100



Senior General Min Aung Hlaing views documentary photos.

# Export of rice earns more than US$500 million within eight months this FY


Bags of rice being loaded onto a vessel.

**Nay Pyi Taw December 10**

The Myanmar Rice Federation stated that export of rice bagged more than US$500 million within eight month of the 2022-23 fiscal year.

Myanmar sends rice and broken rice to foreign customer countries on a weekly or monthly basis. Till the end of November this fiscal year, Myanmar sent 1,411,009 tons of rice and broken rice worth US$510 million.

In this regard, 250,947 tons of rice and broken rice were exported to earn US$82 million in April, 153,507 tons worth US$51 million in May, 146,094 tons worth US$50 million in June, 182,550 tons worth US$66 million in July, 156,893 tons worth US$53 million in August, 93,791.7 tons worth US$37 million in September, 163,188.7 tons worth US$65 million in October, and 264,037.6 million worth US$106 million in November.

China is the main rice and broke rice market of Myanmar. Myanmar sends rice and broken rice through both land border and shipping. At present, Bangladesh purchases rice from Myanmar.

A total of 41 companies export rice and broken rice to China. In 2022-23 FY, a plan is underway to export two million tons of rice to foreign countries. 336

# 50,000 tons of sugar to be exported to Vietnam alone this season

**Nay Pyi Taw December 10**

Arrangements are being made to export 50,000 tons of sugar to Vietnam alone this sugarcane season, according to the Myanmar Sugar and Sugarcane Products Entrepreneurs Association.

Local sugar mills started purchase of sugarcane last November for running their operations.

A total of 23 modern sugar mills and 129 small and medium scale sugar mills are being operated in Bago, Mandalay and Sagaing regions and Shan State.

Myanmar produces some 500,000 tons of sugar on a year basis, some 450,000 tons of sugar is consumed at home and 50,000 tons of surplus sugar was exported to China and Vietna before Covid-19 outbreak.

Now, sugar flows into Vietnam alone. Hence, a plan is underway to export some 50,000 tons of sugar to Vietnam this sugarcane season.

Myanmar produces white and brown sugars and refined sugar, of which white sugar is exported to Vietnam.

Under the agreement signed in 2021, Myanmar must send sugar to Vietnam. The sugar for export purpose is recommended by laboratory.

Myanmar set a plan to export 1 million tons of sugar from 2023 to 2025 to foreign market.

To do so, two new sugar mills are being built in Shan State (North) and two more in Sagaing Region to produce export sugar within three years. 336


Bags of sugar for export.

# Plans to reclaim mechanized farmlands in Tatkon, Aunglan townships in 2022-23 FY

**Tatkon December 10**

The Ministry of Agriculture, Livestock and Irrigation on 6 December stated that a plan is underway to reclaim by the Department of Agricultural Mechanization the mechanized farmlands in Thebyu Village of Tatkon Township and Kyiyatgon Village of Aunglan Township in 2022-23 fiscal year.

The farmland reclamation projects will spend the Union budget in 2022-23 fiscal year. In this regard, 150 acres of farmland will be reclaimed in Thebyu Village and 168.85 acres in Kyiyatgon Village.

To do so, the farmland reclamation in Thebyu Village will need 9,748 gallons of premium diesel and that of Kyiyatgon Village, 9,429 gallons.

As such, open tender is invited from local businesspersons for supply of premium diesel to implement the projects.

Tender forms and disciplines are sold at the Systematic Farmland Reclamation Body (Upper Myanmar) of Agricultural Mechanization Department in Lewe as of 6 December.

The tender proposals must be submitted to the department not later than 1 pm on 20 December and it will be opened at 2 pm the same day.

For detailed information for tender disciplines and rules, dial 067-8024370, 09-43006632 and 09-420738725. 336

# World Cup 2022: US sports journalist Grant Wahl dies in Qatar

**Doha December 10**

A prominent football journalist from the United States has died while covering the World Cup in Qatar.

Grant Wahl, 48, collapsed as extra time began in the Argentina-Netherlands game on Friday night.

Early reports suggest he may have had a heart attack, but this has yet to be officially confirmed.

Last month Mr Wahl was briefly detained by Qatari authorities for trying to enter a stadium wearing a rainbow shirt, in support of LGBT rights.

In a statement, the US Soccer Federation said it was "heartbroken" by the news.

"Fans of soccer and journalism of the highest quality knew we could always count on Grant to deliver insightful and entertaining stories about our game, and its major protagonists," it said.

In a tweet, Mr Wahl's wife, Céline Gounder, said she was in "complete shock", adding that she was "so thankful" for the support she had received from friends.

Mr Wahl celebrated his 48th birthday on Thursday with friends in Qatar, a day before he collapsed. He wrote on his website on Monday that he had been unwell in the last 10 days and was on a course of antibiotics for suspected bronchitis. BBC

# Ukraine war: US says Iran now Russia's 'top military backer'

**Washington December 10**

Russia and Iran's relationship has warmed to a fully fledged defence partnership, the US has said.

Russia is giving an unprecedented level of military support, said US national security council spokesman John Kirby.

The US has seen reports that the two countries are considering joint production of lethal drones, he added.

Australia has announced it is sanctioning three Iranians and one Iranian business for supplying Russia with drones to use against Ukraine.

Co-operation between the two nations has come under recent scrutiny - with Ukraine accusing Iran of supplying Russia with "kamikaze" drones used in a series of deadly attacks on 17 October.

After denying this, the Middle Eastern country later admitted sending a "limited number" of drones to Russia, "many months" before the war in Ukraine.

Ukraine's President Volodymyr Zelensky said this was a lie and that Ukraine was shooting down about 10 Iranian drones a day.

The Ukrainian air force said it had downed 10 of 15 such drones used to attack southern regions in the early hours of Saturday. The governor of Odesa said the strikes caused power cuts in most of his region. BBC


Ukraine has accused Iran of sending drones to Russia, which the Middle Eastern country denied then later admitted.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်က ယူကရိန်းသို့ပေးပို့ထားသော HIMARS ဒုံးပစ်လောင်ချာများကို လျှို့ဝှက်စွာပြုပြင်ထားဟု Wall Street Journal က ရေးသားဖော်ပြ



အမေရိကန်သည် ယူကရိန်းနိုင်ငံသို့ ပေးပို့ထားသော HIMARS ဒုံးပစ်လောင်ချာများကို လျှို့ဝှက်စွာပြုပြင်ထားသည်ဟု အမေရိကန်ထိပ်တန်းအရာရှိ သတင်းများကိုကိုးကား၍ Wall Street Journal က ဒီဇင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံမှ စုစုပေါင်း M142 High Mobility Artillery Rocket System (HIMARS) အတွဲလိုက်ဒုံးပစ်လောင်ချာအစီး ၂၀ နှင့်အတူ GMLRS ပဲ့ထိန်းဒုံးကျည်များနှင့် ဆက်စပ်ဝန်ဆောင်မှုယာဉ်အများအပြားကို ဌန်လကတည်းက ယူကရိန်းသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။ GMLRS ပဲ့ထိန်းဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၈၀ (မိုင် ၅၀) ခန့်ထိပစ်မှတ်များကို တိုက်ခိုက်နိုင်သည်။

ယူကရိန်းအရေး တက်ကြွလှုပ်ရှားသူအများအပြားက ကီလိုမီတာ ၃၀၀ ကျော်အကွာအဝေးထိပစ်ခတ်နိုင်သော ATACMS နည်းဗျူဟာမြောက်ဒုံးကျည်များ ရရှိရေးတောင်းဆိုခဲ့ကြသော်လည်း ယခုအချိန်ထိ အမေရိကန်နိုင်ငံက ပေးပို့ရန်ငြင်းဆိုထားသည်။ အကယ်၍ ယူကရိန်းက ATACMS နှင့် အလားတူ တာဝေးပစ်ဒုံးကျည်များကို ရရှိနိုင်ခဲ့လျှင် လက်ရှိစစ်မြေပြင်၌ HIMARS ဒုံးပစ်လောင်ချာများနှင့် တပ်ဆင်ပစ်ခတ်နိုင်လိမ့်ဦးမည်မဟုတ်ကြောင်း Wall Street Journal တွင် ရေးသားထားသည်။

ယူကရိန်းသို့မပို့မီ HIMARS စနစ်များကို ပြုပြင်မွမ်းမံမှုတွင် ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲပိုင်းဆိုင်ရာများ နှစ်မျိုးစလုံးပြုလုပ်ခဲ့ကြောင်း၊ ယူကရိန်းစစ်ဘက်ကလည်း အဆိုပါသတင်းအပေါ် မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ပြီး စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို ကိုးကားပြီး ပင်တဂွန်စစ်ဌာနချုပ်ကလည်း အလားတူပင် အတည်ပြုရန် ငြင်းဆိုခဲ့ကြောင်း Wall Street Journal က ရေးသားထားသည်။

Wall Street Journal ၏အဆိုအရ ယူကရိန်းတပ်ဖွဲ့များအနေဖြင့် ရုရှားပိုင်နက်ထဲသို့ အမေရိကန် ပေးအပ်ထားသော လက်နက်များဖြင့် တိုက်ခိုက်ခြင်းမပြုရန် ကတိကဝတ်အပေါ် ကျိုးပေါက်သွားနိုင်သည့်အတွက် အုပ်ချုပ်ရေးအရာရှိများကြား စိုးရိမ်ထိတ်လန့်မှုကို ထင်ဟပ်စေခြင်းဖြစ်သလို ရုရှားနှင့် ပိုမိုကျယ်ပြန့်သောထိပ်တိုက်တိုက်ခိုက်မှုကိုလျှော့ချရန် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့က ဆန္ဒရှိနေခြင်းလည်းဖြစ်ကြောင်း ရေးသားထားသည်။

ယူကရိန်းကို လက်နက်ကြီးများ ပံ့ပိုးပေးအပ်နေခြင်းသည် ရုရှား၏ အနီးရောင်မျဉ်းကိုဖြတ်ကျော်ကာ ပဋိပက္ခတွင် အမေရိကန်နှင့် NATO တို့ တိုက်ရိုက်ပါဝင်ပတ်သက်နေမှုဖြစ်ပြီး အလွန်အန္တရာယ်ရှိကြောင်း ရုရှားက အကြိမ်ကြိမ်သတိပေးခဲ့သည်။ အမေရိကန်နှင့်မဟာမိတ်များက ယူကရိန်းကို လက်နက်များဆက်လက်တပ်ဆင်ပေးနေစဉ်မှာပင် ၎င်းတို့သည်ပစ်ခတ်တိုက်ခိုက်မှုများအတွက် တိုက်ရိုက်ပါဝင်နေသည့်နိုင်ငံများမဟုတ်ကြောင်း တစ်ဖက်ကလည်း အခိုင်အမာပြောကြားနေခဲ့သည်။

ဌန်လအတွင်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်းကင်က HIMARS ကို ရုရှားပိုင်နက်ရှိပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ရာတွင် အသုံးပြုမည်မဟုတ်ဟု အာမခံချက်ရရှိထားကြောင်း ယူကရိန်းနှင့် အမေရိကန်၊ မဟာမိတ်များနှင့် မိတ်ဖက်နိုင်ငံများကြား ခိုင်မာသော ယုံကြည်မှုနှောင်ကြိုးရှိကြောင်း အခိုင်အမာ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် စက်တင်ဘာလတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်းကင်သည် ကရိုင်းမီးယား သို့မဟုတ် ရုရှား၏ အခြားအစိတ်အပိုင်းလေးခုဖြစ်သည့် ရုရှားနိုင်ငံနှင့်ပူးပေါင်းရန် မဲခွဲဆုံးဖြတ်ခဲ့ကြသော ဒွန်းနက်စ်နှင့် လူးဟန့်စ် ပြည်သူ့သမ္မတနိုင်ငံများ၊ ခါဆန်နှင့် ဇာပိုရစ်ဇီယာဒေသများကို ရုရှားနိုင်ငံပိုင်နက်အဖြစ် မသတ်မှတ်ကြောင်းနှင့် အဆိုပါဒေသများတွင် ပင်တဂွန်မှ ပံ့ပိုးပေးသောလက်နက်များအတွက် တရားဝင်ပစ်မှတ်များအဖြစ် ပစ်ခတ်တိုက်ခိုက်နိုင်ကြောင်း အန်တိုနီဘလင်းကင်က ရှင်းလင်းပြောကြားခဲ့သည်။

HIMARS လောင်ချာများပြုပြင်ထားခြင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောဆိုခဲ့မှုသည် ယူကရိန်းမြို့တော် ကီယက်ဗ်မြို့ရှိ အမေရိကန်အထူးသံတမန်၏ထုတ်ပြန်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ကို လေ့လာတွေ့ရှိရသည်။ ကီယက်ဗ်ရှိ အမေရိကန်၏သံတမန် Bridget Brink က စနစ်များ၏အကွာအဝေးဆိုင်ရာဆုံးဖြတ်ချက်သည် ယူကရိန်းဘက်ခြမ်းဆန္ဒသာဖြစ်မည်ဟု ဌန်လက ပြောကြားခဲ့ဖူးသည်။

**US secretly modified HIMARS sent to Ukraine – WSJ ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျက Skylark I LEX UAS စနစ်များကိုဝယ်ယူရန် အစ္စရေး Elbit Systems ကို ရွေးချယ်ခဲ့

ဩစတြေးလျနိုင်ငံသည် ၎င်း၏ စစ်ဘက်ကို Electro-Optical နှင့် Automatic Dependent Surveillance-Broadcast (ADS-B) စနစ်ပါရှိသော Skylark I LEX (UAS) Unmanned Aerial Systems မောင်းသူမဲ့လေယာဉ်စနစ်ကို ပံ့ပိုးပေးနိုင်ရန်အတွက် Elbit Systems ကို ရွေးချယ်ထားကြောင်း အစ္စရေးကုမ္ပဏီ Elbit Systems က ဒီဇင်ဘာ ၇ ရက်တွင် ကြေညာသွားခဲ့သည်။

ADS-B စနစ်အပါအဝင် ဩစတြေးလျ Elbit Systems သည် စစ်ဘက်အတွက် သမားရိုးကျ UAS တပ်ဖြန့်အသုံးပြုမှုများအပြင် ပိုမိုကျယ်ပြန့်စွာအသုံးပြုလာနိုင်စေရန်အတွက်ရရှိစေရန် ဩစတြေးလျစစ်ဘက်ကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ၎င်းသည် ဘေးအန္တရာယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအတွက် အရပ်ဘက်စစ်ဆင်ရေးများတွင်ပါ ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ (ADF) က ပံ့ပိုးကူညီနိုင်စေမည်ဖြစ်သည်။

စစ်နယ်ဝန်းအတွင်းလှုပ်ရှားတပ်ဖွဲ့များနှင့်အတူ အသုံးပြုလုပ်ဆောင်နိုင်ရန်ဒီဇိုင်းထုတ်ထားပြီး အလိုအလျောက်မောင်းနှင်နိုင်သော လျှပ်စစ်တွန်းအားအသုံးပြု Skylark ILEX မောင်းသူမဲ့လေယာဉ်စနစ်တွင် ရည်မှန်းချက်အတိုင်း ဦးတည်၍ အလိုလိုသိရှိလုပ်ဆောင်နိုင်သော Man-Machine Interface (MMI) နှင့် Line Of Sight (LOS) အတွင်း အကွာအဝေး ကီလိုမီတာ ၄၀ ထိ ဆက်သွယ်ထိန်းကျောင်းနိုင်မည်ဖြစ်သည်။ ကင်းထောက်ခြင်းနှင့် မိမိတပ်ဖွဲ့ဝင်၊ တပ်စခန်းများကာကွယ်ရေးတာဝန်များအပါအဝင် မစ်ရှင်အမျိုးမျိုးအတွက် ထိရောက်စွာအသုံးပြုနိုင်မည့် မောင်းသူမဲ့လေယာဉ်စနစ်ဖြစ်သည်။ လေထဲတွင် ၁၈ နာရီကြာ ပျံသန်းနေနိုင်သော Skylark 3 Hybrid အပါအဝင် Skylark UAS အုပ်စုမှ မောင်းသူမဲ့လေယာဉ်စနစ်များကို အစ္စရေး၊ အာရှ၊ ဥရောပနှင့် လက်တင်အမေရိကတို့တွင် နိုင်ငံပေါင်းများစွာက ရွေးချယ်အသုံးပြုလျက်ရှိသည်။

ဩစတြေးလျ Elbit Systems ၏ မန်နေးဂျင်းဒါရိုက်တာ ဗိုလ်မှူးချုပ်(ငြိမ်း) Paul McLachlan က ADF ထံ ကျွန်ုပ်တို့၏အရောင်းအဝယ် အရှိန်အဟုန်ရရှိလာသည့်အတွက် Elbit Systems (ဩစတြေးလျ)အတွက် သတင်းကောင်းဖြစ်သလို နိုင်ငံအတွင်း မောင်းသူမဲ့လေယာဉ်စနစ်စွမ်းဆောင်ရည်များ တိုးတက်အသုံးပြုလာနိုင်ခြင်းလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



လျှပ်စစ်တွန်းကန်အား သုံးထားသော Skylark I LEX သည် ၎င်း၏ အလွန်ငြိမ်အောင် ထိန်းတပ်ဆင်ထားသည့် လျှို့ဝှက်ထားသော ဝေဟင်ထောက်လှမ်းရေးနှင့် အဆင့်မြင့်ဆက်သွယ်ရေးများဖြင့် စစ်မြေပြင်တွင် သက်သေပြထားသော ထောက်လှမ်းရေးစွမ်းအားစု (ISR) တစ်ခုလည်းဖြစ်သည်။ Skylark I LEX သည် အကွာအဝေးကီလိုမီတာ ၄၀ LOS ဆက်သွယ်ရေးအကွာအဝေးအတွင်း အရည်အသွေးမြင့်၊ နေ့ရောညပါ၊ အချိန်နှင့်တစ်ပြေးညီ ဗီဒီယိုဖိုင်များဖြင့် ရိုက်ကူးထောက်လှမ်းနိုင်သော Gimbaled နှင့် Payload ကို အသုံးပြုထားခြင်းဖြစ်သည်။ အဆင့်မြင့်ရုပ်ပုံလုပ်ဆောင်နိုင်မှုစွမ်းရည်များကို ခြေရာခံခြင်း၊ ရွေ့လျားပစ်မှတ်ညွှန်ပြခြင်း၊ ပထဝီဝင်မြေမျက်နှာသွင်ပြင်ရိုက်ကူးခြင်းနှင့် Mosaic ဖန်တီးခြင်းလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

Skylark I LEX သည် အများဆုံး ပျံတက်နေသည့်အလေးချိန် ၇ ဒသမ ၅ ကီလိုဂရမ်ရှိပြီး Payload အလေးချိန် ၁ ဒသမ ၂ ကီလိုဂရမ် သယ်ဆောင်တပ်ဆင်နိုင်သည်။ သုံးနာရီကြာ လေထဲတွင်ပျံသန်းတာဝန်ထမ်းဆောင်နိုင်ပြီး အများဆုံး အကွာအဝေး ကီလိုမီတာ ၄၀ ထိ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။

**Australia selects Elbit Systems from Israel to provide Skylark I LEX UAS Unammned aerial Systems ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံပဲသုံးမျိုး ၁၄၁၆၄ ဧက လျာထားစိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၀**

ရေဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံ သုံးမျိုး ၁၄၁၆၄ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မော်လမြိုင်ကျွန်းမြို့နယ်၌ ပဲသီးနှံသုံးမျိုး ၁၄၁၆၄ ဧကကို ဒီဇင်ဘာလတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲသီးနှံသုံးမျိုး ၁၄၁၆၄ ဧကစိုက်ပျိုးမှာဖြစ်ပါတယ်။ ပဲသီးနှံသုံးမျိုး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်မဲ့ဆောင်းသီးနှံပဲတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းလာဖို့ကိုလဲ ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံသုံးမျိုးဖြစ်သော ဘိုကိတ်ပဲ ၁၀၄ ဧက၊ မတ်ပဲဧက ၉၂၈၀၊ ပဲတီစိမ်းဧက ၄၇၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေးသွင်းအားစုများ၊ စိုက်ပျိုးရေးချေးငွေများကို သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဒီဇင်ဘာလပထမပတ်က ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြောက်ဦးမြို့နယ် ဘောင်းဒွတ်(ရွာသစ်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဘောင်းဒွတ်ကျေးရွာအုပ်စု ဘောင်းဒွတ်(ရွာသစ်)ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘောင်းဒွတ်(ရွာသစ်)ကျေးရွာ၌ လမ်းအရှည် ပေ ၇၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ် သိန်း ၁၂၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ နိုဝင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ မြောက်ဦးမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသန်း**

# မင်းဘူးမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ မပျောက်ပျက်အောင် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျထိန်းသိမ်းရန်နှင့် စာရင်းဇယားများ တိကျမှန်ကန်စေရေး စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခြင်း ဒုတိယအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၁၈ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၁၀ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို ငွေကျပ် ၃၁ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၈၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၁၉၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများသို့ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများကို ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများသို့ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မည့်ဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများအား တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို မိတ်ဆက်ပေးသည်။ ယင်းနောက်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသော ရည်မှန်းချက်လည်းအပါအဝင်ဖြစ်ကြောင်း၊ ဝန်ထမ်းများကျန်းမာကြံ့ခိုင်မှသာ ကဏ္ဍအလိုက် ရည်မှန်းချက်များကိုကျေပွန်အောင်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ်ကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး အချင်းချင်းစည်းလုံးညီညွတ်စွာ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့ယှဉ်ပြိုင်သည့် အားကစားနည်းအောင်မြင်မှုရရှိစေရန် ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ဖြူစင်သန့်ရှင်းစွာ ကြိုးစားယှဉ်ပြိုင်ရန်ဖြစ်ကြောင်း၊အရေးကြီးသည့်အချက်မှာ ပြိုင်ပွဲအောင်နိုင်ရေးအတွက် အားကစားသမားတစ်ဦးချင်းက ကျန်းမာရေးကို ဂရုပြုရန်လိုကြောင်း၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနဂုဏ်ကို မြှင့်တင်ခြင်းလည်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် ပြိုင်ပွဲများကတစ်ဆင့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားအဆင့်မှသည် နိုင်ငံ့ကိုယ်စားပြုအားကစားသမားကောင်းများ ဖြစ်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို အကြိုလေ့ကျင့်နေသည့်ကာလနှင့် ပြိုင်ပွဲကာလအတွင်း အင်အားပြည့်အစားအစာများ ကျွေးမွေးနိုင်ရန်နှင့် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများချီးမြှင့်ပေးအပ်ခဲ့သည်။

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲ၊ အပြေးနှင့် ထုပ်ဆီးတိုးစသော အားကစားနည်း ခုနစ်မျိုးတွင် အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း အားကစားသမား ၁၀၈ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသဖွံ့ဖြိုးရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ငွချောင်းတံတားကို ဒီဇင်ဘာနောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို ချိတ်ဆက်သွားလာနိုင်ပြီး ဒေသဖွံ့ဖြိုးရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ငွချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါငွချောင်းတံတားကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအပေါ်ထည် P.C Grider၊ R.C Griderသံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာသံကူကွန်ကရစ်ကြမ်းခင်းနှင့် တံတားအုတ်မြစ်သည် သံကူကွန်ကရစ်ဘိုးပိုင် အမျိုးအစားဖြစ်သည်။ တံတားနှင့်ချဉ်းကပ်လမ်းအပါအဝင် ငွေကျပ်သန်း ၈၉၈၀ အကုန်ကျခံတည်ဆောက်ထားခြင်းဖြစ်သည်။

ငွချောင်းတံတားသည် ရခိုင်ပြည်နယ် ငွမြို့နှင့် မကျေးငူရွာကိုဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းသာ ဝက်ကောင်းမြို့မှ ရခိုင်ပြည်နယ် ငွမြို့အထိအကောင်အထည်ဖော်ဆောင်ရွက်နေသော ဆင်မ-ငွေဆောင်-ချောင်းသာ - ရွှေသောင်ယံ - မကျီးပင်-ကျောက်ချွန်-ငွမြို့ ကမ်းခြေပတ်လမ်းတစ်လျှောက်တွင် အရေးပါသည့်တံတားတစ်စင်းဖြစ်သည်။ ငွချောင်းတံတားကြီးတည်ဆောက်ခဲ့ခြင်းဖြင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများစွာပြောင်းလဲတိုးတက်လာမည့်အပြင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုဖြင့် ရခိုင်ပြည်နယ်မှထွက်ရှိသော ဒေသထွက်ကုန်များကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ အချိန်တိုအတွင်း မြန်ဆန်လွယ်ကူစွာ ကုန်စည်စီးဆင်းနိုင်မည်ဖြစ်သည်။

ငွချောင်းတံတားသည် အရှည် ၁၃၉၈ ပေ ၉ လက်မရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့်လူသွားလမ်းအကျယ်တစ်ဖက်လျှင် ၃ ပေ ၆ လက်မပါဝင်၍ ရေလမ်းကင်းလွတ်အမြင့်ပေ၂၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ၈၅ ပေရှိသည်။ တံတားခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးလျှင် ၇၅ တန်ဖြတ်သန်းနိုင်ရန် တည်ဆောက်ထားပြီး ငွမြို့တစ်ဖက်ကမ်းတွင်ရှိသော ကမ်းခြေရွာများနှင့် ဧရာဝတီတိုင်းဒေသကြီးကမ်းခြေပတ်လမ်းတစ်လျှောက်တွင်ရှိသော မြို့နှင့်ကျေးရွာများမှဒေသခံများ အဆိုပါငွချောင်းတံတားမှ ချိန်ခါမရွေး ဖြတ်သန်းသွားလာနိုင်မှုဖြင့် လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ လက်တလောတွင် အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် အရေးပေါ်ကဏ္ဍတို့တွင် အသုံးပြုနိုင်ရန်အတွက် သုံးတန်အောက်ယာဉ်ငယ်များကို ဖြတ်သန်းခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❖ ဘော်လီဘောပြိုင်ပွဲများမှ

မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲနှစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေပိုင်းတွင်အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ STA

# သန့်ရှင်းသာယာသောမြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ မဟာကမ္ဘောဇပြည်ငြိမ်းအေး စေတီတော်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသောလူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသောမြို့ရွာ Clean city၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကိုဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နှင့် မိုင်းရှူးမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်နှင့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်နှင့် ချင်းပြည်နယ် ဖလမ်းမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်းစာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုလမ်းဆုံပန်းခြံပတ်ဝန်းကျင်တို့တွင် အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ပန်းစုံ)၌ သန့်ရှင်းရေးမဆောင်ရွက်မီ(ဝဲပုံ)နှင့် ဆောင်ရွက်ပြီး(ယာပုံ)ကိုတွေ့ရစဉ်။

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း သုံးနှစ်ပြည့်အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု



**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်ကို ဂုဏ်ပြုသောအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရည်ရွယ်ထုတ်ဝေသည့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းထုတ်လုပ်မှု သုံးနှစ်ပြည့်အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်းဝင်းအတွင်းရှိ Myanmar Sport Hotel တွင်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး တက်ရောက်ဂုဏ်ပြုသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Dr. Zheng Zhihong နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းနှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Dr. Zheng Zhihong နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းနှင့် ဆွေမျိုးပေါက်ဖော်အသင်း၏ ဦးဆောင်နာယက သံအမတ်ကြီး(ငြိမ်း)ဦးစိန်ဝင်းအောင်တို့က ဂုဏ်ပြုစကားများပြောကြားကြသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာစာပေများကို ရေးသားခဲ့သောပုဂ္ဂိုလ်များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းဗဟိုအလုပ်အမှုဆောင် ဦးအေးမင်းနှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးရဲနိုင်စိုးကိုလည်းကောင်း၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းနာယက ဦးတင်ဆန်းက မြန်မာတရုတ်ချစ်ကြည်ရေးအသင်းဗဟိုဥက္ကဋ္ဌ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းနှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း ဦးဆောင်နာယက သံအမတ်ကြီး(ငြိမ်း)ဦးစိန်ဝင်းအောင်နှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း Senior Persident ဦးသစ္စာ (Mr. Li Bo Bo)တို့ကိုလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းစာမူရှင် ဦးမျိုးထွန်း(မောင်စိမ်းနောင်လယ်ဝေး)နှင့် စာမူရှင် ဦးလှိုင်ဝင်း(မြင့်ဝေလှိုင်)တို့ကိုလည်းကောင်း ဆုများချီးမြှင့်သည်။ ယင်းနောက် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းစာမူရှင် ဒေါက်တာအောင်မြင့်ဦးနှင့် စုသက်မှူး(မရမ်းကုန်း)၊ စာမူရှင် ဦးကောင်းစံလင်း(ဆူးလေ)၊ ဦးသန်းထိုက်စိုး(သန့်မောင်)နှင့် ဦးလွင်မင်းဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း၏ စာဖတ်ပရိသတ်တစ်ဦးက ၎င်း၏စာပေအမြင်ကို ရှင်းလင်းပြောကြားရာ အယ်ဒီတာချုပ်ဦးရဲနိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့တို့တွင် ဥစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သံတွဲမြို့နှင့် တောင်ကုတ်မြို့တို့ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့တို့တွင် DYL ဝက်၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွားနှင့် ဆိတ်မွေးမြူရေးခြံများ၊ ဆောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပဲပင်ပေါက်နှင့် ငွေနှင်းမှို ထုတ်လုပ်ရေးလုပ်ငန်းများ၊ တစ်သျှူးငှက်ပျောစသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၃၀ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁၈၂၃ ဦး အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို သက်ဆိုင်ရာတာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

# ကျိုင်းတုံမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ကျောင်းသား၊ ကျောင်းသူများက ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ် ၁၀ မြို့နယ်ရှိ ကျောင်းများမှ GRADE 5 မှ GRADE 9 အထိ အင်္ဂလိပ်စာထူးချွန်သူ ကျောင်းသား၊ ကျောင်းသူ ၉၃ ဦး၊ သင်္ချာထူးချွန်သူ ကျောင်းသား၊ ကျောင်းသူ ၉၂ ဦး စုစုပေါင်း ၁၈၅ ဦးတို့ကို အင်္ဂလိပ်စာ၊ သင်္ချာရေးဖြေနှင့် အင်္ဂလိပ်စာ ကျပန်းစကားပြောပြိုင်ပွဲဟူ၍ ခွဲခြားကာ ဒီဇင်ဘာ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိက အခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၃၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒီဇင်ဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဒီဇင်ဘာ ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၉၉၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၄၁၈ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၉၆၂ ဦး |

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- ❖ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ❖ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို RBE ရထားဖြင့် စီးနင်းလိုက်ပါကြည့်ရှုစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းအမှတ် (၇) ရန်ကုန်မှ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ RBE ရထားဖြင့် စီးနင်းလိုက်ပါ၍ ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက် အဆင့်မြှင့်တင်ဆောင်ရွက်မှုကိုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း ဘူတာများအဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေများ၊ မြို့ပတ်ရထားများ ပြေးဆွဲရာတွင် အန္တရာယ်ကင်းစွာဖြင့် အချိန်မြှင့်တင် ပြေးဆွဲနိုင်ရေးအတွက် ခြံစည်းရိုးအကာအရံ ဆောင်ရွက်နေမှု၊ လူကူးခုံးတံတားများ အဆင့်မြှင့်တင်ပြုပြင်နေမှု၊ ရထားလမ်းပိုင်းအတွင်း အဆင့်မြှင့် အချက်ပြဆက်သွယ်ရေးစနစ် တပ်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ရထားလမ်းတစ်လျှောက် လမ်းပိုင်းပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုကိုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဒုတိယဝန်ကြီးက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ Diesel Electric Multiple Unit (DEMU) ရထားများရောက်ရှိချိန်တွင် လမ်းပိုင်းအတွင်း ကီလိုမီတာ ၆၀ နှုန်းဖြင့် တိုးမြှင့်ပြေးဆွဲရန် စီစဉ်ထားသဖြင့် ရထားလမ်းပြုပြင်ထိန်းသိမ်းရာ၌ Maintenance Manual အတိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်၊ အချို့ဘူတာများတွင် Transit Oriented Development (TOD)စနစ် အသုံးပြုနိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်၊ DEMU ရထားများ ပြေးဆွဲပါက ခရီးသွားများ အဆင်ပြေစေရေးအတွက် ဘူတာပလက်ဖောင်းများကို Level မြှင့်တင်ဆောင်ရွက်ရန်နှင့် ရထားလမ်းလုံခြုံရေး အန္တရာယ်ကင်းရှင်းရေးအတွက် ခြံစည်းရိုးများ နှစ်အလိုက် ဦးစားပေးကာရံသွားရန် တို့ကို မှာကြားသည်။

ထို့ပြင် လက်ရှိရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ပြေးဆွဲနေသည့်ရထားတွဲများ သန့်ရှင်းသပ်ရပ်စေရေး၊ ရထားလမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပစေရန် ပန်းအလှပင်များစိုက်ပျိုးသွားရေးနှင့် ရထားလမ်းဘေး၌ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုံနှိပ်လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ကြိုးစားဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလွင်မြင့်တို့နှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုတွင် ကျင်းပပြုလုပ်သည့် တူယှဉ်နွဲပျော် ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ၏ ပွဲစဉ် ၁၅ ကို တက်ရောက်ကြည့်ရှုပြီး ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံတွင် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ပုံနှိပ်လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ကြိုးစားဆောင်ရွက်ရေး၊ သတ်ပုံသတ်ညွှန်းကအစ မမှားယွင်းအောင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်အတည်ပြုပုံနှိပ်ရေး၊ လုပ်ငန်းတွင် အန္တရာယ်မရှိစေရေးနှင့် လျှပ်စစ်မီးမှအစ မီးဘေးအန္တရာယ် ကာကွယ်ရေးတို့ကို ဆောင်ရွက်ထားရှိရေးနှင့် လုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ သတ်မှတ်စည်းကမ်းနှင့်အညီ နေထိုင်တာဝန်ထမ်းဆောင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဗဟိုပုံနှိပ်စက်ရုံတွင် ပုံနှိပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၅၀ | ၁၈၄၅ | ၁၈၀၅ | ၁၈၅၀ | ၁၈၇၅ | ၁၈၆၀ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၅ | ၁၈၅၀ | ၁၈၈၅ | ၁၈၉၀ | ၁၈၉၀ | ၂၁၁၀ | ၂၉၂၀ |
| 95 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၃ | ၁၇၈၁ |
| 95 Ron | ၁၈၀၂ | ၁၈၇၁ |
| HSD (500 ppm) | ၂၀၈၂ | ၂၁၅၃ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၂၆ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဆောင်းနေကြာအထွက်နှုန်းတိုးတက်မြင့်မားရေး တောင်သူများသိသင့်သိထိုက်သည့် နည်းပညာများပို့ချ

**မန္တလေး ဒီဇင်ဘာ ၁၀**

စစ်ကိုင်းမြို့နယ်တွင် ဆောင်းနေကြာ အထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် သီးနှံစိုက်ပျိုး လုပ်ကိုင်နေသူများကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချ ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်း၌ သီးနှံမျိုးစုံစိုက်ပျိုး ရာတွင် တောင်သူများအနေဖြင့် စတင်



စိုက်ပျိုးချိန်မှ ရိတ်သိမ်းသည်ထိ သိသင့် သိထိုက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက် များကို နည်းပညာများပို့ချပေးခြင်း၊ မျိုးစေ့ ထုတ်လုပ်ငန်းများကို သင်ကြားပေးသည့် အပြင် သဘာဝပိုးပြေးဆေးပြုလုပ်ပုံအဆင့် ဆင့်နှင့်အသုံးပြုပုံများကို လက်တွေ့ပြသမှု များ ပါဝင်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ နေကြာ သီးနှံကို တစ်နှစ်လုံး ဧက လေးသိန်းလောက် စိုက်ပျိုးရတယ်။ မျိုးစေ့အခက်အခဲမဖြစ် အောင်နဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မှာ ကုလားပဲနဲ့ဂျုံ အများဆုံးစိုက်ပျိုးတယ်။ နေကြာကို သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင် တယ်။ နေကြာသီးနှံနဲ့ပတ်သက်ပြီးလျှာထား ဧကပြည့်မီကျော်လွန်ရေး၊ အထွက်နှုန်း တိုးတက်ရေးအတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့်ကအစ စိုက်စနစ်တွေ၊ အပင်ပြုစုစောင့်ရှောက်မှုတွေပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းတွေ အစရှိတဲ့သိသင့် သိထိုက်တဲ့နည်းပညာတွေကို စာတွေ့၊ လက်တွေ့ပို့ချပေးပါတယ်"ဟု စစ်ကိုင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် တောင်သူများကို သီးနှံမျိုးစုံ စိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်မြင့်မား စေရေးအတွက် တိုက်နယ်များအလိုက် ကွင်းဆင်းခြင်း၊ နည်းပညာပြန့်ပွားရေး အတွက် သင်တန်းဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၉ ရက်က ဖွင့်လှစ် သည့်သင်တန်းတွင် သင်တန်းနည်းပြများနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ဦးရေ ၉၀ ကို စာတွေ့၊ လက်တွေ့ပို့ချပေး ခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်**

# တရားမဝင်သစ်များ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့် အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက်တွင် ရောဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံ ခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီး ဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့က ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ကြံခင်း-မြန်အောင် မြို့ရှောင်လမ်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော် ယာဉ် တစ်စီးပေါ်မှ တရားမဝင် ပျဉ်းကတိုး သစ်ခွဲသား သုည ဒသမ ၉၆၅၂ တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၄၈၂၆၀၀ ကို ဖမ်းဆီးရမိခဲ့ ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၉ ရက်တွင် ရှမ်း ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ် တစ်စီးပေါ်မှ အကောက် ခွန်မဲ့ဖိနပ်များ ၁၀ ဖာ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၃၆၀၀၀ ကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် နောင်ခွန်းပူးပေါင်း စစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံထုတ် LUX တံဆိပ်ပါရေချိုးဆပ်ပြာဖာ ၂၅၀ ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသော မော်တော် ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၃၃၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့် အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မအူပူးပေါင်း စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က TOYOTA HIACE အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ရွှေဘိုမြို့ အမှတ်(၈) ရပ်ကွက်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင် သော စစ်ဆေးရေးအဖွဲ့က JIALING SUPER CUB အမျိုးအစား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၇ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ခုနစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၁၈၆၀၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ မှ သတင်းရရှိသည်။ **(သတင်းစဉ်)**












# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူ လူထုကို အကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင် ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်၌ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာနေ နီနီမာသည် ၎င်းအသုံးပြုသည့် "ချစ်သူရင်ခွင်" Face- book အကောင့်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့ မြို့နေ ဝင့်ထူးထူးအောင်သည်၎င်းအသုံးပြု သည့် "Wint Htoo Htoo Aung" Face- book အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥသျှောင်မြို့သစ် (၄)ရပ်ကွက်နေ သိန်းထွန်းထိုက်သည် ၎င်းအသုံးပြုသည့် "Thein Htun Htike" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ် (၁၀)ရပ်ကွက်နေ သန်းနိုင်သည်၎င်းအသုံး ပြုသည့် "Than Naing" Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ စန်းမောင်မြင့် (ခ)စောယွန်း(ခ) နန်းဦးလွင်သည် ၎င်း အသုံးပြုသည့် "Nann Oo Lwin" Face- book အကောင့်၊ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဆကာရပ်ကွက်နေ သီရိ မွန်(ခ) ပိုးဟပ်ဖြူသည် ၎င်းအသုံးပြုသည့် "Thiri Mon"(ပိုးဟပ်ဖြူ) Facebook အကောင့်တို့သည် အသိပေးသတင်းထုတ် ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွား မည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# ငါးအလွန်အကျွံဖမ်းခြင်း၏ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ

မေဇင်ထွန်း



ငါးအလွန်အကျွံဖမ်းခြင်းသည် သမုဒ္ဒရာတွင်းနေ အဏ္ဏဝါသတ္တဝါများကျဆင်းမှု၏ အထင်ရှားဆုံးသော သာဓကတစ်ခုဖြစ်သည်။ ပုံမှန်ငါးဖမ်းခြင်းသည် သမုဒ္ဒရာအတွက် ဆိုးရွားသောရလဒ်များမဖြစ်စေသော်လည်း သင်္ဘောများ၏ ဝမ်းဗိုက်များတွင် ငါးများကို သိုလှောင်ကာ အလွန်အကျွံဖမ်းခြင်းကသာလျှင် သမုဒ္ဒရာကြီးအတွက်ဆိုးရွားသောရလဒ်များကို ဖြစ်စေကြောင်း တွေ့ရှိရသည်။ ငါးအလွန်အကျွံဖမ်းခြင်းဟု ဆိုရာတွင် ငါးများကို တစ်ချိန်တည်း အများအပြားဖမ်းခြင်းပင်ဖြစ်သည်။ ထိုသို့ငါးများကို တစ်ချိန်တည်း အများအပြားဖမ်းယူခြင်းသည် ငါးများကိုသဘာဝအတိုင်း ပြန်လည်ပေါက်ဖွားရှင်သန်နိုင်ရန် အခွင့်အလမ်းကို နည်းပါးစေသည်။ ထို့ပြင် ငါးအလွန်အကျွံဖမ်းခြင်းသည် ငါးဖမ်းသမားဖမ်းလိုသည့်ငါးများအပြင် အခြားအမျိုးအစားငါးများနှင့် ရေနေသတ္တဝါများကိုပါ ငါးဖမ်းပိုက်ကွန်များတွင် ဖမ်းမိပါလာစေသည့်အတွက် အခြားသော ရေနေသတ္တဝါငါးမျိုးစိတ်များကို ဖြုန်းတီးပစ်သကဲ့သို့ဖြစ်စေသည်။ ငါးအလွန်အကျွံဖမ်းခြင်းသည် စီးပွားဖြစ်ငါးဖမ်းခြင်းများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထိုသို့ငါးများကို တစ်ခါတည်းဖြင့် အလွန်အကျွံဖမ်းခြင်းသည် နှစ်ရှည်လများစွာကြာသောအခါ အဏ္ဏဝါနေသတ္တဝါမျိုးစိတ်အရေအတွက်များကို လျော့ကျလာစေပြီး အချို့သောရေနေသတ္တဝါမျိုးစိတ်များကို မျိုးသုဉ်းသည်ထိဖြစ်စေသည်ကို တွေ့ရှိရသည်။ ထိုသို့ ပင်လယ်နေသတ္တဝါများနှင့် ငါးများရှားပါးလာခြင်းကြောင့် ကမ္ဘာ့ငါးဖမ်းလုပ်ငန်းများ၏ သုံးပုံတစ်ပုံနီးပါးဒုက္ခရောက်နေကြရသည်ကို တွေ့ရသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ၏ သုံးဘီလီယံခန့်သည် ပင်လယ်စာအာဟာရများအပေါ် မှီခိုအားထားနေကြရသည်။

တစ်ကမ္ဘာလုံးတွင် ငါးအလွန်အကျွံသိုလှောင်ဖမ်းဆီးမှု အရေအတွက်သည် ရာစုနှစ်တစ်ဝက်အတွင်း သုံးဆတိုးလာခဲ့ပြီး ယနေ့တွင် ကမ္ဘာ့ငါးဖမ်းလုပ်ငန်းများ၏ သုံးပုံတစ်ပုံသည် ဇီဝကန့်သတ်ချက်များထက် ကျော်လွန်နေကြောင်းကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ သိရသည်။ ငါးအလွန်အကျွံဖမ်းခြင်းသည် မတူညီသောအဏ္ဏဝါမျိုးစိတ်များအတွက် မလိုလားအပ်သောပင်လယ်နေသတ္တဝါများ၏ အသက်များသေဆုံးခြင်းနှင့် ဆက်စပ်နေသည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။ ထိုသို့ ငါးအလွန်အကျွံဖမ်းခြင်းသည် ပင်လယ်လိပ်များနှင့် အခြားသောပင်လယ်နေသတ္တဝါများရာနှင့်ချီ၍ မလိုအပ်ဘဲ သေကျေစေရမှုများနှင့်ကြုံတွေ့ခဲ့ရပြီး ဘီလီယံနှင့်ချီ၍ ငါးများဆုံးရှုံးမှုဖြစ်ပေါ်စေသည်ကို တွေ့ရသည်။ ငါးအလွန်အကျွံဖမ်းခြင်းကြောင့် ငါးများပျက်စီးရမှုသည် ပင်လယ်ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည်။

ထိုသို့ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်နေသော်လည်း ယခုအခါ ငါးဖမ်းသင်္ဘောလေးသန်းခန့်သည် ငါးများပိုမိုဖမ်းယူရရှိစေရန် စွမ်းရည်နှင့် စွမ်းဆောင်ရည်ပိုင်းများ မြင့်မားလာသည့်အပြင် ငါးဖမ်းသင်္ဘောအစီးအရေအတွက်များလည်းတိုးလာကာ သမုဒ္ဒရာများအတွင်းသို့ ရောက်ရှိလာကြသည်။ ငါးဖမ်းခြင်းများတိုးလာသည်နှင့်အမျှ သမုဒ္ဒရာဂေဟစနစ်၏ တည်ဆောက်ပုံနှင့် လုပ်ငန်းဆောင်တာ ပျက်စီးမှုနှုန်းများလည်း တိုးလာသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပင်လယ်ပြင်များတွင် ငါးဖမ်းလုပ်ငန်းကို စီမံခန့်ခွဲရန်၊ ထိန်းညှိရန်နှင့် ထိန်းချုပ်ရန် အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပူးပေါင်းဆောင်ရွက်မှု မလုံလောက်ခြင်းသည် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း၏ လက်ရှိပြဿနာများကို ဖြစ်စေသော အဓိကအကြောင်းရင်းများဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ သန်းနှင့်ချီသောလူများအတွက် ငါးဖမ်းခြင်းသည် အဓိကအသက်မွေးဝမ်းကျောင်းလည်းဖြစ်သည်။ ငါးဖမ်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို အသက်မွေးဝမ်းကျောင်းပြုကြသူအများအပြားသည် သမုဒ္ဒရာအရင်းအမြစ်များနှင့် ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မေ့လျော့နေကြပြီး ၎င်းတို့၏ စီးပွားရေးကိုသာ အာရုံစိုက်လုပ်ဆောင်နေသောကြောင့် သမုဒ္ဒရာအတွက် ဆိုးကျိုးများ တိုးလာအောင်လုပ်ဆောင်နေသကဲ့သို့ ဖြစ်လာသည်။ ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF)သည် ဂေဟစနစ်များကို ထိန်းသိမ်းရုံသာမက အသက်မွေးဝမ်းကျောင်းများ တည်တံ့စေရန်နှင့် စားနပ်ရိက္ခာဖူလုံမှုကို အာမခံသည့် ရေရှည်တည်တံ့သော အလေ့အကျင့်များကို အာရုံစိုက်ကာ ကမ္ဘာတစ်ဝန်းတွင် ငါးဖမ်းလုပ်ငန်းစီမံခန့်ခွဲမှုကို ပြုပြင်ပြောင်းလဲရန် သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း တရားမဝင်ငါးဖမ်းခြင်းနှင့် တရားမဝင်ငါးများကုန်သွယ်မှုသည် ငါးအလွန်အကျွံဖမ်းခြင်းကို ပိုမိုဆိုးရွားစေသည်။ ငါးအလွန်အကျွံဖမ်းခြင်း၏ အဆိုးဆုံးသောသမုဒ္ဒရာများအပေါ် အကျိုးသက်ရောက်မှုသည် ပင်လယ်ရေနေသတ္တဝါများသေဆုံးခြင်း၊ မျိုးသုဉ်းခြင်း၊ ပင်လယ်များ၏ ပတ်ဝန်းကျင် အလှတရားများကို ပျက်စီးစေခြင်းတို့ဖြစ်စေသည်။ တရားမဝင်ငါးဖမ်းခြင်းကြောင့် တန်ဖိုးကြီးမားပြီး မျိုးသုဉ်းလုနီးပါးဖြစ်သောအဏ္ဏဝါမျိုးစိတ်များ ဖမ်းဆီးရမိမှုသည် ၃၀ ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်း ခန့်မှန်းရသည်။ တရားမဝင်၊ အစီရင်ခံမထားသော၊ စည်းကြပ်မှုမရှိသောငါးဖမ်းခြင်းများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၄ ဘီလီယံထိ ဆုံးရှုံးနေရသည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ အဆိုပါ တရားမဝင် ငါးဖမ်းမှုများသည် သွင်းကုန်ထိန်းချုပ်မှုဆိုင်ရာစနစ်များမရှိခြင်းကြောင့်လည်းဖြစ်သည်။

ထို့ပြင် ငါးဖမ်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သောပစ္စည်းများနှင့်ကုန်ကျစရိတ်များကို ထေမိစေရန် ငါးများကို အလွန်အကျွံဖမ်းလာကြခြင်းသည် ငါးများကို ပိုမိုဖမ်းခြင်း၏ နောက်ထပ်အကြောင်းရင်းဖြစ်သည်။ စီးပွားရေးနှင့်စားဝတ်နေရေးအရ ငါးဖမ်းခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဦးမည်ဖြစ်သည့်အပြင် ယနေ့ကမ္ဘာတစ်ဝန်းရှိ ငါးဖမ်းသင်္ဘောများသည် လိုအပ်သည့်ငါးများကိုဖမ်းရန် ငါးဖမ်းသင်္ဘောများကို လိုအပ်သည့် စွမ်းရည်ထက် နှစ်ဆခွဲထိ တိုးမြင့်လျက်ရှိသည်။ ထို့ကြောင့် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် Agenda for Sustainable Development တွင် အန္တရာယ်ရှိသော၊ ပင်လယ်ပြင်ကိုထိခိုက်မှုဖြစ်စေသော ငါးဖမ်းခြင်းများကို လျှော့ချကာ အဆုံးသတ်ပေးရန်အတွက် တောင်းဆိုထားသည်။

သယံဇာတအရင်းအမြစ်ပေါကြွယ်ဝပြီး ခရီးသွားဧည့်သည်တို့ကို လည်ပတ်ချင်စဖွယ် ဆွဲဆောင်လျက်ရှိသော ပင်လယ်သမုဒ္ဒရာများသည် ဒေသခံများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ကြဉ်းပေးရာနေရာများဖြစ်သည်။ ထို့ပြင် ပင်လယ်သမုဒ္ဒရာများသည် ငါးလုပ်ငန်းကဏ္ဍအတွက် အလွန်တရာအရေးပါလှသည်။ သို့ရာတွင် တရားမဝင်ငါးဖမ်းခြင်း၊ စောင့်ကြည့်လေ့လာမှုအားနည်းခြင်း၊ ဒီရေတောများပြုန်းတီးခြင်း၊ သဲသောင်တူးခြင်းစသည်တို့ကြောင့် ရေနေသတ္တဝါများ၏ကျက်စားရာနေရာများ ပျောက်ဆုံးခြင်း စသောအခက်အခဲများစွာဖြစ်စေသည်ကို တွေ့ရသည်။ ထို့ပြင် ငါးများအလွန်အကျွံဖမ်းဆီးမှုနှင့် ငါးများမတော်တဆ ဖမ်းမိသေဆုံးမှုတို့ကြောင့် ငါးလုပ်ငန်းကဏ္ဍသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးများစွာ သက်ရောက်စေသည်ကိုတွေ့ရသည့်အပြင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ပင်လယ်နေ နို့တိုက်သတ္တဝါများ မတော်တဆဖမ်းမိသေဆုံးမှုများကိုလည်း တွေ့ရသည်။ ထို့ပြင် ထင်ရှားသည့်

> ❖ ငါးအလွန်အကျွံဖမ်းခြင်းသည် မတူညီသောအဏ္ဏဝါမျိုးစိတ်များအတွက် မလိုလားအပ်သောပင်လယ်နေသတ္တဝါများ၏ အသက်များသေဆုံးခြင်းနှင့်ဆက်စပ်နေသည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။ ထိုသို့ ငါးအလွန်အကျွံဖမ်းခြင်းသည် ပင်လယ်လိပ်များနှင့် အခြားသောပင်လယ်နေ သတ္တဝါများရာနှင့်ချီ၍ မလိုအပ်ဘဲ သေကျေစေရမှုများနှင့်ကြုံတွေ့ခဲ့ရပြီး ဘီလီယံနှင့်ချီ၍ ငါးများဆုံးရှုံးမှုကိုဖြစ်ပေါ်စေသည်ကို တွေ့ရသည်။ ငါးအလွန်အကျွံဖမ်းခြင်းကြောင့် ငါးများပျက်စီးရမှုသည် ပင်လယ်ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည်။ ❖

သဘာဝပတ်ဝန်းကျင်အန္တရာယ်မှာ ငါးဖမ်းလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှုရှိသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများပင်ဖြစ်သည်။

ငါးဖမ်းလုပ်ငန်းကို ရေရှည်တည်တံ့စေမည့် နည်းလမ်းများကိုရှာဖွေနေသည့် ကမ္ဘာတစ်ဝန်းရှိ ထိန်းသိမ်းရေးအဖွဲ့များစွာရှိသည်။ ၎င်းတို့အသုံးပြုနေသော ဖြေရှင်းနည်းတချို့ကို ဖော်ပြရမည်ဆိုလျှင် ရေနေသတ္တဝါများတွင် မျိုးပွားမှုပြဿနာများဖြစ်စေသည့် ပလတ်စတစ်များ ပင်လယ်တွင်းစွန့်ပစ်ခြင်းကိုလျှော့ချရမည်ဖြစ်သည်။ အစိုးရများနှင့် လက်တွဲ၍ စည်းမျဉ်းစည်းကမ်းများနှင့် တိကျသောမူဝါဒများချမှတ်ကာ ငါးဖမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး WWF ကဲ့သို့သော အဖွဲ့များစွာသည် နိုင်ငံများကို လုံလောက်ပြီး ထိရောက်သောစီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်များပြင်ဆင်ကာ ကူညီပေးလျက်ရှိသည်။

ထို့ပြင် ဆင်းရဲပြီး ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် ငါးဖမ်းခြင်းသည် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ရေနေသတ္တဝါထိန်းသိမ်းရေးလုပ်ငန်းများသည် ရေရှည်တည်တံ့ခိုင်မြဲမှုသေချာစေရန်ဖြစ်ပြီး ငါးဖမ်းနိုင်သောဧရိယာများသတ်မှတ်ခြင်းလုပ်ငန်းစဉ်များဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

WWF သည် ပင်လယ်ပြင်စောင့်ကြပ်ရေးကောင်စီ (MSC)ကိုဖွဲ့ကာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားဖြစ်ငါးဖမ်းလုပ်ငန်းကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေမည့် စံနှုန်းတစ်ခုဖန်တီးရန် ကြိုးပမ်းလျက်ရှိသည်။ ငါးအလွန်အကျွံဖမ်းမှုပြဿနာကို ပြောင်းလဲရန် ထိန်းသိမ်းရေးသမားများ၏ နောက်ထပ်နည်းလမ်းတစ်ခုမှာ လက်လီရောင်းချသူများနှင့်လက်တွဲ၍ ငါးဖမ်းလုပ်ငန်းမှပင်လယ်စာများကို ဝယ်ယူနိုင်မည့် နည်းလမ်းများကို ပညာပေးခြင်းဖြစ်သည်။ ထိုသို့နည်းလမ်းများပညာပေးကာ တည်ဆောက်ထားခြင်းဖြင့် စံချိန်စံညွှန်းများနှင့်အညီ ငါးဖမ်းလုပ်ငန်း ပိုမိုများလာမည်ဖြစ်သည်။ အစိုးရများစွာသည် ငါးဖမ်းလုပ်ငန်းများကို ပံ့ပိုးကြေးများ ပံ့ပိုးပေးနေသည့်အတွက် ငါးဖမ်းလုပ်ငန်းများ ရှင်သန်ကြီးထွားလာစေရန် ဆောင်ရွက်သကဲ့သို့ဖြစ်နေပြီး ငါးဖမ်းလုပ်ငန်းများကို ဆက်လက်ချဲ့ထွင်ရန် လှုံ့ဆော်ပေးနေသကဲ့သို့ဖြစ်နေသောကြောင့် ပံ့ပိုးကြေးများကိုလည်း လျှော့ချသင့်သည်။ ထို့ပြင် သမုဒ္ဒရာအတွင်းရှိ အကာအကွယ်ဧရိယာများ ပိုမိုသတ်မှတ်ခြင်းသည် သန္တာကျောက်တန်းများနှင့် အဏ္ဏဝါဂေဟစနစ်တည်ဆောက်မှုများကို ငါးအလွန်အကျွံဖမ်းခြင်း၏ အကျိုးသက်ရောက်မှုများမှ ကာကွယ်နိုင်သော ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ ထို့ပြင် ငါးအလွန်အကျွံဖမ်းခြင်းကြောင့် မျိုးသုဉ်းနိုင်မည့်ငါးများကို စားသုံးသူများအား အသိပညာပေးခြင်းဖြင့် ငါးများမျိုးသုဉ်းမှုကို လျှော့ချနိုင်သည်။

မှန်ကန်စနစ်ကျစွာ ငါးမွေးမြူခြင်းသည် ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာနှင့် အရင်းအမြစ်များ ပံ့ပိုးပေးသည့် ရေရှည်တည်တံ့သောနည်းလမ်းကို ဖြစ်ပေါ်စေသည်။ သတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများကို တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများနှင့် သင့်လျော်သော ငါးဖမ်းခြင်း အလေ့အကျင့်များဖြင့် ထိန်းကျောင်းနိုင်လျှင် ငါးအလွန်အကျွံဖမ်းခြင်းကို ထိုက်သင့်သလောက် ထိန်းသွားနိုင်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**Causes, Effects and Solutions to Overfishing (Depletion of Fish Stocks) ကို ဘာသာပြန်ဆိုပါသည်။**

0w Kfv ld @

# ထိမ်းမြားခြင်းလျှင်

ငြေအေးသက်



(၁)

ဘမောင်တစ်ယောက် သူငယ်ချင်းဖြစ်သူကျော်ငြိမ်း၏ မင်္ဂလာညည်ခံပွဲသွားပြီးကတည်းက အစွဲထုတ်ချင်စိတ်များ ပိုပြီးတက်ကြွလာခဲ့ရသည်။ ထို့ပြင် ထိုသူငယ်ချင်းသည် ဘမောင်၏အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သည့်အားလျော်စွာ သူနှင့်ကိုယ်ဘဝတစ်လျှောက်လုံး တစ်ပြိုင်တည်းပြိုင်ခဲ့တာ သည်တစ်ခါမှသာ ဘမောင်ရှုံးရတော့မည့်အခြေအနေတွင် ရောက်နေသည်။ အဖေတို့၊ အမေတို့ကလည်း သူတို့၏နောက်ဆုံးဝတ်လေးကျေချင်ကြလို့ ရှုံးကခွင့်ယူပြီးပြန်တိုင်းဟိုမိန်းကလေးနှင့်စပ်ဟပ်ပေး၊ သည်မိန်းကလေးနှင့်စပ်ဟပ်ပေးလုပ်ကြသည့်တိုင် ဘမောင်က ငြင်းခဲ့သည်ချည်းပင်။ မိဘကို စုံကန်ခဲ့တဲ့ဘမောင်၊ စပ်ဟပ်ပေးတိုင်းငြင်းခဲ့တဲ့ဘမောင်၊ ကိုင်း အခုတော့ နောက်ကောက်ကျပါပေါ့လားဟု ငိုချင်းရှည်ကြီး ညည်းရမလိုဖြစ်နေပြီ။

ယခုလည်း ကျော်ငြိမ်းအိမ်မှာ လူပျိုညနှုတ်ဆက်ပွဲလုပ်မလို့တဲ့။ ဘတ်ချ်လာနိုက်ဆိုလားပဲ။ ဒီကောင်ကလည်း နိုင်ပါတယ်ဆိုမှ မဏ္ဍပ်တိုင်ပေါ်တက်ပြီး အလံစိုက်ချင်ပြန်ပြီ။ ဘာပဲဖြစ်ဖြစ် ကျော်ငြိမ်းအိမ်တော့ ဒီညသွားရမှာပဲ။ သူငယ်ချင်းအချင်းချင်းဖြစ်နေတော့ ချီးမြှင့်ပေးရမည့်တာဝန်က ရှိနေပြီးဖြစ်သည်။ မဟုတ်လည်း သွားရမည်ဖြစ်တော့ ညနေစောင်းတော့ ကျော်ငြိမ်းအိမ်သွားဖို့ပြင်ရပြီ။ တကယ်တော့ ကျော်ငြိမ်းအိမ်ဆိုသည်မှာ ဝန်ထမ်းအိမ်ထောင်သည်လိုင်းနှင့် ဘမောင်တို့လူပျိုဆောင်ကြားတွင် ပင်မရုံးဆောင်ကြီးသာကွာသည်။ ရုံးကြီး၏ ဟိုဘက်ခြမ်းနှင့် သည်ဘက်ခြမ်းတွင်သာ။ ဆိုင်ကယ်နှင့် ခဏတာဆိုပေမဲ့ ခြေကျင်ဆိုရင်တော့ သွားရသေးသည်ပေါ့။ ကျော်ငြိမ်းတို့နေသည့်နေရာကို ဘမောင်တို့ဒေသန္တရအခေါ်အရ ရပ်ကွက်(၂)အိမ်ထောင်သည်ရပ်ကွက်ပေါ့။ ဘမောင်တို့ရပ်ကွက်က ရပ်ကွက်(၁)လူပျိုရပ်ကွက်ပေါ့။

"ဇင်ရေ ဇင်ရေ"

တစ်ဇင်တည်းဇင် တစ်ရေတည်းရေနေသော ကျော်ငြိမ်းကို သူ့အနေဖြင့် အကြည့်ရခက်လှသည်။ ဘယ်ဖူးစာရေးနတ်က အပစ်မှားလေသည်မသိ သူလိုပုံဆိုးပန်းဆိုးက မိန်းမအရင် ရ ရသည်လို့။ ဘယ်လိုပဲဖြစ်ဖြစ် သည်ညတော့ ဆက်ရက်မင်းစည်းစိမ်ကို ကိုယ်အရင်ရအောင် မြန်မြန်သောက်၊ အမြည်းနည်းနည်းစား စနစ်ကျင့်သုံးရပေတော့မည်။ မူးမှအေးမည်။ မူးမှ ဝေဒနာများပြေမည်။ ဘာပဲဖြစ်ဖြစ်ရပ်ကွက်(၂)က အရက်ချင်းတူရင်တောင် အမြည်းပိုကောင်းသည်လေ။ သည်နေ့တော့ ဘတ်ချ်လာနိုက်ဆိုတော့ အရက်က ပိုကောင်းနိုင်သည်။ သည်ကောင်က အဒို၊ ကိုယ်ကလူပျိုဆိုတော့ ဟိုသီချင်းလိုပြောရရင်-

"လူပျိုဆိုတာဂုဏ်ရှိတယ်×××အချစ်စစ်နဲ့ချစ်တဲ့သူကို×××ဘယ်တော့များတွေ့နိုင်မလဲ"

(၂)

လကုန်ခါနီးပြီမို့ ဘမောင်တို့ရပ်ကွက်(၁) လူပျိုဆောင်တွင် ရေခန်းနေကြသည်။ ခန်းရိုးခန်းစဉ်မို့တယ်မထူးလှသည့်ဖြစ်စဉ်ပင်။ အကြွေအကျန်လေးများစုပြီး လမ်းထိပ်က ချစ်စမ်းမောင်ကွမ်းယာဆိုင်တွင် ဆေးပေါ့လိပ်တချို့ဝယ်ပြီး ဆေးလိပ်ဖွာလိုက်၊ အကြဲထုတ်လိုက်နှင့် မီးခိုးတထောင်းထောင်းနှင့် ရှိချေသည်။ တစ်ခဏကြာသော် ကျော်ကျော်က ဆေးလိပ်ကိုပြာခွက်တွင် ထိုးချေရင်း စကားစသည်။

"ဟေ့ ကိုဘမောင်။ ကိုကျော်ငြိမ်းဆီ တီးခေါက်ကြည့်ရင်တော့ အဆင်ပြေလောက်တယ်။ ညားခါစတစ်လ၊ နှစ်လဆိုတော့ ရာသီဥတုကော၊ စားရေရိက္ခာပါပေါများနိုင်တယ်။ ခင်ဗျားနဲ့က တစ်နယ်တည်းသားတွေဆိုတော့ ဖုန်းနဲ့နည်းနည်းတော့အင်ထရိုဝင်လိုက်ရင်ဖြစ်နိုင်တယ်သိလား။ နည်းနည်းထရိုင်းကြည့်ပါလား"

ကျန်တဲ့သူငယ်ချင်းနှစ်ဦးဖြစ်သည့် ကိုလှမင်းနှင့် ကိုဆန်းဦးလွင်တို့ကလည်း ကိုယ့်ကို လှမ်းကြည့်နေကြသည်။

"ကဲ. . . ဒါဆိုလဲ ရေမိုးချိုးကြ။ ညနေ ၅ နာရီခွဲဆိုသွားကြမယ်။ ကျွန်တော်ချိတ်ထားလိုက်မယ်"

"ဘမောင်တို့လာကြဟေ့။ မင်းတို့က ကပ်ပြောတော့ အိမ်မှာရှိတာလေးတွေနဲ့ပဲ စားသောက်ကြတာပေါ့။ သြော်. . . ဇင်ရေ အစ်ကို့သူငယ်ချင်းတွေလာကြတယ်လေ။ အဲဒါ နည်းနည်းပါးပါးလုပ်အုံး"

"ဟုတ်ကဲ့အစ်ကို ဇင်စီစဉ်နေပြီ။ အရင်ပြီးတဲ့ဟာတွေ လာပို့ပြီ"

တံကောက်ကွေးဆီထိလုနီးလောက်ရှိသောဆံပင်ရှည်၊ သနပ်ခါးပါးကွက်ကျားနှင့် မဇင်က အသုပ်အမြည်းများလာချသည်။ အမြည်းများက မြေပဲဆန်ကြော်၊ ဝက်အူချောင်းကြော်၊ လက်ဖက်သုပ်၊ ငါးမုန့်ကြော်၊ အာလူးကြော်ပန်းကန်များက စားပွဲပေါ်မှာနေရာယူထားသည်။

"ကဲ. . . သူငယ်ချင်းတို့ ဒီမှာ မန်းအိတ်စပို့ရမ်လေး။ ပြီးခဲ့တဲ့တစ်ပတ်က လက်ဆောင်ရထားတာ။ သောက်မယ်သောက်မယ်နဲ့ မသောက်ဖြစ်ဘဲ ကျန်နေတာ။ အခုလို သူငယ်ချင်းတွေနဲ့ဆိုတော့ သောက်ပျော်တာပေါ့"

အမြည်းကကောင်း၊ အရက်ကကောင်းသည့်အပြင် ကြက်သောက်ဆမ်းလေးနှင့်ပါဆိုတော့ ဘမောင်တို့အုပ်စု ပြုံးပြုံးပြုံးပြုံးနှင့်ဖြစ်ရသည်။ ဇင် အစ်ကို။ ဇင် အစ်ကိုနှင့် ကြက်ဥဟတ်ဖ်ဖရိုက်ကြော်လေးရောက်လိုက်၊ ဘာအမြည်းလေးရောက်လိုက်နှင့် ဘမောင်တစ်ယောက်အပါအဝင် ကျန်သူများသည် ရပ်ကွက်(၂)ကြီးကို အားကျနေရပြီဖြစ်သည်။ နဂို ကိုယ့်ရပ်ကွက်နှင့်ကိုယ်နေစဉ်က မသိသာလှသော အငုံစိတ်သည် တစ်ဖန်ပြန်လှုပ်နိုးသလိုဖြစ်ကာ မိန်းမယူချင်စိတ်ဆိုသောစိတ်က တစ်ဖန်ပြန်ပေါ်လာကြသည်။ သောက်ရင်း၊ မူးရင်း၊ ပေါ်ရင်းဖြစ်သော ထိုစိတ်ကို ဘမောင်တို့မတွန်းလှန်နိုင်တော့ပေပြီ။ ကျော်ငြိမ်းဆီက အပြန်တွင် လွမ်းမိလွမ်းရာများကို ဖုန်းများဆက်ကြပေတော့သည်။ ဘာရယ်ညာရယ်မရှိသောတချို့သည် အိတ်ချိန်းရုံးမှ ညဂျူတီမမ သင်းမေထူးထံ ဖုန်းဆက်ကြသည်။ မမသင်းမေထူးသည် အပျိုကြီးမမဖြစ်ပြီး လူပျိုဆောင်မှ ပုဂ္ဂိုလ်များ၏ ကြေးထူမှုကို အလိုက်သင့် သည်းခံပြောပေးသူမို့ပါ။

(၃)

"ဆရာ ဆရာ"

"သြော်. . . အေး ဝင်စာတွေ စားပွဲပေါ်တင်ခဲ့ကွယ်"

ဘမောင်၏အတွေးများက ရုံးမှာမရှိ။ တစ်နေ့က မင်္ဂလာပွဲကျင်းပပြီး ယခုခွင့်ယူထားသည့်သူငယ်ချင်းကျော်ငြိမ်းဆီ ရောက်နေခြင်းဖြစ်သည်။

"မဟုတ်ဘူးဆရာ။ ဆရာ့လက်မှတ်တိုထိုးရမှာပါနေလို့ပါ"

"ဒါဆိုလဲပေးကွယ်။ တစ်ခါတည်းစစ်ပြီး လက်မှတ်ထိုးပေးလိုက်မယ်"

ဘမောင်နှင့် ကျော်ငြိမ်းက ကျောင်းကတည်းက ပြိုင်ဘက်များဖြစ်ကြသည်။ အတန်းဖော်သူငယ်ချင်းများဖြစ်ကြပြီး အတန်းတက်ရော လပတ်စာမေးပွဲပါ သူနှင့်ဘမောင်က တစ်လှည့်စီ နံပါတ်တစ်ယူနေကြသူတွေပါ။ သူရော ဘမောင်ပါ ဘဝအတွက် စီမံချက်နှင့် ရည်မှန်းချက်ကြီးကြီးနှင့် စာကြိုးစားနေကြသူများဖြစ်သောကြောင့် တစ်ယောက်ကိုတစ်ယောက်မျက်ခြည်ပြတ်မခံကြိုးစားနေကြရသည်။

ဘဝသည် တစ်သမတ်တည်းသွားနေသည်မဟုတ်တော့ သူရော ဘမောင်ပါ ဘဝတစ်ဆစ်ချိုးတွင် တလိမ့်ခေါက်ကွေးကျတော့သည်။ ကျော်ငြိမ်းက အဖေနှင့် အမေကွဲ၊ ဘမောင်က အဖေဆုံးပါးသွားတော့ ဘဝရေလှိုင်းမှာ နစ်တစ်လှည့် မြုပ်တစ်ခါဖြစ်ကြကာ မူလရည်မှန်းချက်ဖြစ်ရမည့်အစား ယခုလို ရုံးဝန်ထမ်းလေးများဖြစ်လာကြသည်။ ဒါပေမဲ့ ရောက်သည့်နေရာမှာတော့ ဘမောင်တို့နှစ်ဦးပြိုင်ဆဲယှဉ်ဆဲပါ။ ကျော်ငြိမ်းလူပျိုဆောင်မှာနေတုန်းကလည်း သူ့အခန်းမှာ ဆောင်ပုဒ်တွေကအများကြီး။ အတွေးအခေါ်များရော၊ အဆိုအမိန့်များရော၊ ရှေးလူကြီးသူမစကားများပါ အများမှအများကြီး။ သူ့အခန်းသွားလည်တော့ သူပြောသည်ကို အမှတ်ရမိသေး။

"ဟေ့ကောင်ဘမောင်ရ။ လူဆိုတာ သိပ်အမှုမဲ့အမှတ်မဲ့နေတတ်တာမျိုးကွ။ အမြဲတမ်းသတိပေး၊ အသိပေးနေရတာ။ ဒါဆို မမေ့တော့ဘူးဆိုတာမျိုးပေါ့ကွာ" ဆိုတာမျိုး။ နေ့စဉ်အသုံးစရိတ်မှ လစဉ်အသုံးစရိတ်ထိ စာရင်းနှင့်အင်းနှင့်။

"စာရင်းဆိုတာတို့ထားမှကွ။ မှတ်ဉာဏ်ချည်းပဲ အားကိုးလို့မရဘူး။ ဦးနှောက်က မှတ်ရတာများရင် ဂျမ်းဖြစ်သွားနိုင်တယ်။ မှတ်ဉာဏ်ကိုကူပေးတဲ့ သဘောပေါ့ကွာ"ဟုဆိုတာကတစ်ဖုံ။

အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး သူယူမည့်မိန်းကလေးသည် အသက်၊ ရုပ်ရည်၊ ပညာ၊ မိဘဆွေမျိုးတို့သာမက ဆံပင်အရှည်မည်မျှရှိရမည်ဆိုတာပါသေးသည်။ သားသမီးရယူသောအခါ ကလေးသည် မေလတွင်မွေးရမည်။ သို့မှသာ ကျောင်းအပ်ရာသီနှင့် အချိန်အခါသင့်မည်ဆိုတာက ပါသေးသည်။ ယခုတော့ သူက ဘမောင်ကိုကျော်ပြီး အိမ်ရာတောင်ထူထောင်ပြီးပြီဆိုတော့ကား သည်တစ်ခါတော့ ဘမောင်နောက်ကောက်ကျရချေပြီ။ ယခုအချိန်လောက်ဆိုချောင်းသာမှာ သည်မောင်ပျော်စရာအိပ်မက်များတစ်လှေကြီးနှင့် လှိုင်းစီးနေလောက်ပြီ။ ဘမောင်သာအလုပ်ထဲမှာနေရင်း အထိုင်မကျဖြစ်နေတာပါ။ ထို့ပြင် သူငယ်ချင်းများပြောသလို သူ့ကုသိုလ်နဲ့သူပါကွယ် ဆိုတာမျိုးလိုဖြစ်သည်။ ဘမောင်တစ်ယောက် သက်ပြင်းကို ဟင်းခနဲမှုတ်ထုတ်လိုက်ရင်း လုပ်လက်စအလုပ်များတွင် အာရုံစိုက်လိုက်ပါတော့သည်။

(၄)

"ဘမောင်ရေ မင်းဆွေးနွေးလို့သာ အာဝါဟဝိဝါဟအကြောင်းပြောရတာ။ ကျောတော့အချမ်းသားမောင်ရ"

"ဟာ ဘကြီးလူမောင်ကလဲ အဟုတ်မှတ်လို့"

"အဟုတ်ကတော့ အဟုတ်ပါမောင်။ ဘကြီးက လူပျိုကြီးတစ်ယောက်ပေမဲ့ ငယ်ငယ်ကတော့ အချစ်တွေနဲ့ တွေ့ခဲ့ဖူးသကွာ"

ပိတောက်ရိပ်အောက်က ကွပ်ပျစ်မှာ လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့် ဘမောင်နှင့် လူပျိုဆောင်ညစောင့်ကြီးတို့ လေပေးဖြောင့်နေကြသည်။

"ဒီလိုလသာသာရက်ပေါ့ ဘမောင်ရာ။ ရွာက ဘုရားကွင်းမှာပွဲဝင်တာ။ ငါလဲ ပွဲမကြည့်ဘဲ ချစ်ချစ်နဲ့ လယ်ကန်းသင်းမှာ ချိန်းတွေ့ကြတာ"

"ချိန်းတွေ့တော့ ဘာဖြစ်လဲဘကြီးရာ"

ဘမောင်က အလောတကြီးနှင့်မေးသည်ကို ဘကြီးလူမောင်က ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ရင်း ခပ်ဖြည်းဖြည်းနှင့်ဖြေရှာသည်။

"ခုနစ်စင်ကြယ်ရှာပြီး ရေတွက်တာလေ"

"ဟာ အဘကလဲ ချစ်သူနဲ့တွေ့တာ ကြယ်ရေနေရတယ်လို့။ နို့နေအုံး အဘပြောတော့ ကျောချမ်းတယ်ဆိုတာလေ"

"သြော်. . . ငါက သူနဲ့အတူနေဖို့ အလုပ်ရှာဖို့တစ်နယ်တစ်ကျေးသွားတုန်း သူက ယောက်ျားနောက်

စာမျက်နှာ ၂၅သို့ ➤

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၃၁၄ ဧက စိုက်ပျိုးပြီးစီး



**ချောင်းဦး ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၃၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၃၀၄၈၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၃၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းမှာ ပဲမျိုးစုံဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာပါ။ အများဆုံးကတော့ ကုလားပဲစိုက်တာများတယ်။ ပဲသီးနှံအတွက် နှုန်းနဲ့အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၄၀၆၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၃၈၃၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄မှအဆက်

လိုက်သွားတယ်ကွာ။ သူမှာလဲ လိုက်ရတဲ့အကြောင်းတွေရှိမှာပါ"

အဘဦးလှမောင်က သက်ပြင်းရှည်တစ်ချက်ကိုခပ်ဖျော့ဖျော့ချလိုက်သည်။

"လူလေးကြီး မင်းစိတ်ညစ်သွားတာလား။ အချစ်က တစ်ခါတစ်ခါ စိတ်ညစ်စရာတွေဖြစ်ပေမဲ့ တစ်ခါတစ်ခါကျတော့ ပျော်စရာတွေမောင်"

ဘမောင်တစ်ယောက် အိပ်ရာပေါ်ရောက်သည်ထိ အိပ်မပျော်နိုင်သေး။ အချစ်ဆိုသောအရာကိုရှာဖွေမည့် ကိုဘမောင်ကိုတော့ အဘဦးလှမောင်က နှစ်သိမ့်လိုက်သေးသည်။

"ကိုယ့်လိုတော့ အချစ်မဲ့လူသားတစ်ဦးအနေနဲ့ ဖြတ်သန်းသွားဖို့က လောကကြီးအပေါ် တာဝန်မကျေရာ ကျမယ်ကွယ်။ ဘာလို့လဲဆိုတော့ အချစ်ဆိုတဲ့အရာရှိလို့ ဘဘတို့ကိုလဲ မွေးဖွားလာနိုင်ခဲ့တယ်။ အချစ်ဆိုတာမရှိလို့ကတော့ လောကကြီးလဲ ဆိတ်သုဉ်းသွားမှာပဲ။ ဟိုအဆိုတော် သုမောင်သီချင်းထဲမှာကွာ ဘာတဲ့ အဘိုးကလဲ အဘွားကို ချစ်တယ် ချစ်တယ်တဲ့။ အဖေကလဲ အမေ့ကို ချစ်တယ် ချစ်တယ်တဲ့။ မောင်ကလဲ မေ့ကို ချစ်တယ်ချစ်တယ်တဲ့ဆိုတာလေ"

ထိုနေ့က ဘမောင်အိပ်ရာထနောက်ကျခဲ့ပြီး နောက်တစ်ရက်က ရုံးပိတ်ရက်ဖြစ်၍ တော်ပေတော့သည်။

(၅)

အချစ်ပိုးက ထလာလိုက်၊ ငြိမ်သွားလိုက်၊ အလုပ်ထဲမှာ နစ်မြုပ်လိုက်၊ လူမှုရေးစီးကြောင်းထဲ မျောပါလိုက်နှင့် ရက်ကိုလစား၊ လကိုနှစ်စား၍ သည်တစ်ခါ တစ်ဆောင်းသစ်ပြန်ပါပြီ။ ရုံးကတစ်ရုံးတည်းပေမဲ့ အလုပ်ဆိုက်ချင်းမတူသည်ရော ရပ်ကွက်(၁)သားမဟုတ်သည်နှင့်ပါ ကျော်ငြိမ်းနှင့် အတွေ့နည်းသွားသည်။ သူလည်း အိမ်ထောင့်တာဝန်များနှင့်ဆိုတော့ ရပ်ကွက်(၁)ဘက်ကိုမရောက်၊ ကိုယ်တွေကလည်း အကြောင်းမတိုက်ဆိုင်သည်နှင့် မသွားဖြစ်။ တစ်လောက သူ့သားလေး တစ်နှစ်ပြည့်မွေးနေ့ပွဲလုပ်မှ တစ်ခေါက်ခဏပြန်တွေ့ဖြစ်ကြသည်။ သူ့သားကို ပေးထားတဲ့နာမည်က တအားကို အကြီးကြီးဖြစ်နေလို့ ဘမောင်တို့တစ်တွေ ပြန်ပြီးပြင်ဖို့ ပြောတာကို သူကတော့ မပြင်ချင်ဘူးတဲ့။ ဒီနာမည်က သူ့သားကိုပေးဖို့ သူရှာထားတာတဲ့။

သူ့သားမွေးနေ့ပွဲပြီး ရုံးပြန်တက်တော့ ရုံးကော်ရစ်ဒါမှာ ကျော်ငြိမ်းနှင့်ဆုံဖြစ်သည်။

"ဟာ ကျော်ငြိမ်း ဘယ်လိုလဲ"

"ဒီလိုပါပဲ"

ဘမောင်အမေးကို ကျော်ငြိမ်းက အပြုံးလေးနှင့်ဖြေသည်။

"ရပ်ကွက်(၂)ဘက်မရောက်ဖြစ်ဘူး"

"ငါလဲ ရပ်ကွက်(၁)ဘက်မရောက်ဖြစ်ဘူး"

"ကျော်ငြိမ်း မင်းပုံကြီးကလဲ မလန်းဘူး"

"အေးကွာ အဆင်ပြေပါတယ်"

"မင်းတို့အိမ် လာလည်အုံးမယ်။ အေးအေးဆေးဆေးစားသောက် စကားပြောရင်းပေါ့ကွာ"

"အေးပါ။ တွေ့ကြတာပေါ့"

လက်ကိုဆွဲလှုပ်ရင်း ထွက်သွားသော ကျော်ငြိမ်း၏ ကျောပြင်ကို ကြည့်ရင်း ဘမောင် ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ ကျော်ငြိမ်း ကြည့်ရတာ တစ်ခုခုပါပဲ။ အမြဲလှုပ်ရှားတက်ကြွနေသော ကျော်ငြိမ်းက အအေးမိနေတဲ့ငှက်လိုဖြစ်နေသလား။ ဒါမှမဟုတ် ဘာလဲ။ ရုံးခန်းအဝရောက်သည်ထိ ကျော်ငြိမ်းက ပဟေဠိဖွက်နေဆဲပါ။ ကျော်ငြိမ်း ဘာဖြစ်နေလဲ။ သည်ကိစ္စအဖြေရှာဖို့ ညနေ ကျော်ငြိမ်းအိမ်သွားပြီး စကားပြောရင်း စနည်းနာမယ်။ ကိုယ်တစ်ယောက်တည်းဆိုမကောင်းဘူး။ ဟိုနှစ်ယောက်ပါခေါ်သွားမယ်။ လှမင်းနှင့် ဆန်းဦးလွင်ကိုလေ။ သူတို့နှစ်ယောက်က ပွဲထိန်းကောင်းတော့ ဝိုင်းကစည်တာပေါ့။ မပျင်းရတော့ဘူး။ ကျော်ငြိမ်းကို ထောက်လှမ်းရာမှာလဲ အထောက်အကူရတာပေါ့။ ညနေသွားဖို့ ကျော်ငြိမ်းနဲ့ ဟိုနှစ်ယောက်ဆီ ဖုန်းဆက်ရအုံးမယ်။ အရက်နဲ့ အမြည်းတော့ ကိုယ့်ဘာသာပဲ ယူသွားတော့မယ်။ ကျော်ငြိမ်းတို့၊ မဇင်တို့ အားနာပါတယ်လေ။ တစ်ယောက်တည်းပြော တစ်ယောက်တည်း အတည်ပြုနေသော ဘမောင်ကို ဝင်စာလာတင်သည့် ရုံးစာရေးမလေး ပြုံးသွားသည်ကို ဘမောင်တစ်ယောက်မရိပ်မိ။

ဘာတဲ့ ကျော်ငြိမ်းရဲ့သားနာမည်က-

"လူမြင့်မြတ်"

(၆)

"ဟိုမှာ ကျော်ငြိမ်းလာပြီ"

လှမင်းစကားအဆုံးတွင် ရုံးလက်ဖက်ရည်ဆိုင်အပြင်ဘက်ဆီ အားလုံး၏ အကြည့်များကရောက်သွားသည်။ ကျော်ငြိမ်းတစ်ယောက် သူ့မူရင်းပုံစံအတိုင်း ရယ်ကျဲကျဲနှင့်ဝင်လာသည်။ သူ့ပုံစံက "ကဲ. . . သိကြပြီမဟုတ်လား။ ယူချင်ဦးဟဲ့မိန်းမ"ဟု ဆိုသယောင်လိုလို၊ "ငါကစီနီယာပါ။ မင်းတို့ဂျူနီယာလေးတွေကို ပြောပြရတာပေါ့"ဆိုတာလိုလိုနှင့် လိုလိုကြီး မျက်နှာထားနှင့်ပါ။

"ကဲ. . ထိုင် ဘာသောက်မလဲ။ ပြီးရင်တော့ မနေ့ညကဖြစ်စဉ်ကိုရှင်း"

လှမင်းစကားကို ကျော်ငြိမ်းက ရေနွေးခွက်လှမ်းယူရင်းပြောသည်။

"ထိုင်ပါရစေအုံးကွာ။ အေးပါ။ ရှင်းပါ့မယ်။ ရှင်းချင်လွန်းလို့ရယ်။ မင်းတို့ကို တောင်းပန်ချင်တာရယ်ပါ။ လက်ဖက်ရည်ချိုပေါ့ဆိမ့်"

သူငယ်ချင်းများက ဝိုင်းပြီးမေးနေသည်ကို ထည့်ထားသည့်ရေနွေးကြမ်းကို မှုတ်သောက်ပြီး ရေနွေးခွက်ပြန်ချကာ ဖြေရှာသည်။ တကယ်တော့ မနေ့ညနေက ဘမောင်၊ လှမင်းနှင့်ဆန်းဦးလွင်တို့သုံးယောက် အရက်နှင့် အမြည်းဆွဲကာ ကျော်ငြိမ်းအိမ်သွားသည်က ဇာတ်လမ်းကစသည်။ ဘမောင်တို့ဆိုင်ကယ်နှစ်စီး ကျော်ငြိမ်းတို့အိမ်ရှေ့အရောက် ကျော်ငြိမ်းနှင့်မဇင်တို့ ရန်ဖြစ်သံကြားနေရသည်။

"ရှင့်ယောက်ဖတွေနဲ့ အရက်သောက်ဖို့ ကျွန်မက အမြည်းကြော်နေရတာ။ ဒါက လမ်းဘေးက ဘုံဆိုင်မဟုတ်ဘူး။ ရှင့်မှာလဲ ဒီအရည်လေး တမြမြနဲ့ဆို ဘော်ဒါတွေနဲ့ အမူးအလဲပဲ။ တောင်စဉ်ရေမရစကားတွေ၊ အရည်မရ အဖတ်မရ၊ တောပြောချုံပြော ပြောအုံးမယ်။ ညဉ့်နက်သန်းခေါင် တောင်တန်းမဖြုတ်တဲ့မောင်တွေ ဒီနေ့ ကျွန်မနဲ့အတွေ့ပဲ"

ဘမောင်တို့တစ်တွေ တံခါးမခေါက်ရသေးခင်ပင် အောင်မြင်စွာနှင့် တပ်ခေါက်လာခဲ့ပါပေသည်။

"ခင်ဗျားဗျာ တကယ့်ကို အပိုကြီးနဲ့ဖိတ်ပြီး ဟိုကျတော့ နောင်ဂျိန် ပလေးနေကြတာ မမိုက်ဘူးဗျာ"

ကိုလှမင်းအပြောကို ရှင်းဟန်ပြုမလို့ ချောင်းဟန့်နေရှာသည့်ကျော်ငြိမ်းကို ဆန်းဦးလွင်ကလည်း ဝင်ပြောသည်။

"ဟုတ်ပါ့ဗျာ။ ရခါစတုန်းကတော့ တကယ့်ကို မီးသေပဲမောင်။ ဇင်ရေဆိုတာနဲ့ ရေခပ်ပြီးသား၊ အမြည်းပြင်ပြီးသား။ အခုများ ပလန်နီဆရာကြီး ပရော်ဖက်ဆာ ဂုရုကြီးကျော်ငြိမ်းပုံသွင်းလိုက်မှ ပုံထွက်က လန်းကောဗျာ"

ကျော်ငြိမ်းကလည်း မေးစေ့ကိုတစ်ချက်ပွတ်လိုက်ပြီး ဘမောင်တို့ တစ်သိုက်ကို ပြောလိုက်သည်။

"မိန်းမကို ရခါစက ငါ့ပုံစံသွင်းလိုက်မယ်ဆိုပြီး မာန်တင်းပြီး ပုံစံသွင်းလိုက်တာ။ ကြာလာတာနဲ့ ကိုယ့်ပုံစံကို သူဝင်မဲ့အစား သူ့ပုံစံထဲပဲ ကိုယ်ဝင်သွားတော့တာပါပဲကွာ"

## စိတ်ညှံ့ဖယ်ကြ မစ္ဆရိယ

\- မနာလို ဝန်တိုခြင်း
ကင်းရှင်းကြ မျှားသူငါ၊
အတ္တမာန် လွှန်ကဲရင်ဖြင့်
ဆင်းရဲစေမှာ၊
ကိုယ်နှင့်နှိုင်းလို့ ကိုယ်ချင်းစာ
သူ့နေရာ ဝင်ကာတွေး၊
အဝိဇ္ဇာ တွယ်ကာငြိတော့
သိဉာဏ်ရယ်ဝေး။

\- မေတ္တာကို ရင်ဝယ်ထွေးမှ
အေးချမ်းမှု အစစ်အမှန်၊
ကိုယ့်ထက်သာ မုန်းမပွားနဲ့
စဉ်းစားကြေနပ်၊
ကြုံရပေလိမ့် လောကဓံ
သည်းခံကာ ကြိုးစား၊
ကုသိုလ်ကံ ကိုယ်စီဖျန်းပါလို့
အေးချမ်းစေသား။

\- အမှန်ကို ထင်ယောင်မှားကြောင့်
တရားစစ်မှ ရှောင်ဖယ်ပေ၊
မုဒိတာ ရင်ဝယ်ကိန်းလို့
ထိန်းသိမ်းပါလေ၊
မစ္ဆရိယ ရိုက်ချက်တွေ
ကင်းပါစေ သဒ္ဒါခင်း၊
လောကအလယ်
ဒေါသဖယ် အလိုမလိုက်နဲ့
(မိတ်ဆွေတို့ရေ)
စိတ်မိုက်တွေရှင်း။ ။

ပိုင်ဆု(ပညာရေး)

# ကော့ကရိတ်မြို့နယ် ကော့ဝါလဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကော့ကရိတ် ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကော့ဝါလဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုးနှင့် ခရိုင်အင်ဂျင်နီယာအစုအဖွဲ့ဝင်များ၊ မြို့နယ်တာဝန်ရှိသူများက ကော့ဝါလဲကျေးရွာကုန်ထုတ်လမ်းနှင့် Box Culvert၊ Pipe Culvert များ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ကော့ဝါလဲကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၄ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ဂဝံမြေသားခင်းခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်း၊ Pipe Culvertငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၄၇၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် LUCKY 207 ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာ၏လယ်ယာ ထုတ်ကုန်ဧက ၉၀၀ ကျော် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

နိုးမိုးကျော်

# အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်သို့ မန်ဒိုစ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်



**နယူးဒေလီ ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံတွင် မန်ဒိုစ်ဟု အမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းသည် ဒီဇင်ဘာ ၉ ရက်က တမီလ်နာဒူးပြည်နယ်သို့ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အိန္ဒိယဇဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု Onmanorama သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မန်ဒိုစ် ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်နှင့် နီးကပ်သည့် တမီလ်နာဒူးပြည်နယ်၏ ကမ်းခြေဒေသတစ်ခုဖြစ်သည့် မာမယ်လာပူရမ်မြို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး သစ်ပင်ကြီးတချို့လဲကျကာ လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်နေကြောင်း တမီလ်နာဒူးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ မုန်တိုင်း ဝင်ရောက်မှုကြောင့် တမီလ်နာဒူးပြည်နယ်၏ နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားနေပြီး လေတိုက်နှုန်းလည်း မြင့်မားနေကြောင်း အိန္ဒိယဇဟိုမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။ မန်ဒိုစ်ဆိုင်ကလုန်းမုန်တိုင်းသည် တမီလ်နာဒူးပြည်နယ်ကို ဝင်ရောက်ခဲ့ရာတွင် တစ်နာရီ ၇၅ ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မန်ဒိုစ်ဆိုင်ကလုန်းမုန်တိုင်း၏ ပြင်းအားမှာ တစ်နာရီ ၈၅ ကီလိုမီတာနှုန်းထိ မြင့်တက်လာနိုင်ကြောင်း အိန္ဒိယဇဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

"ဒီဇင်ဘာ ၉ ရက် ညက တမီလ်နာဒူးပြည်နယ် မာမယ်လာပူရမ်မြို့မှာ မန်ဒိုစ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းပြင်းအားများပြီးတော့ မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်ပွားနေပါတယ်။ မုန်တိုင်းဟာ တစ်နာရီ ၇၅ ကီလိုမီတာနှုန်းနဲ့ တိုက်ခတ်နေပြီး တစ်နာရီ ၈၅ ကီလိုမီတာနှုန်းထိ မြင့်တက်သွားနိုင်ပါတယ်။ မန်ဒိုစ်ဆိုင်ကလုန်းမုန်တိုင်းက တမီလ်နာဒူးပြည်နယ်ရဲ့ အနောက်မြောက်ဘက်ပိုင်းကို ဦးတည် တိုက်ခတ်နေပါတယ်"ဟု အိန္ဒိယဇဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# မြူးနစ်မြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခြင်း တားမြစ်

**ဘာလင် ဒီဇင်ဘာ ၁၀**

ဥရောပတိုက်၏ အင်အားကြီးနိုင်ငံများဖြစ်ကြသည့် ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေး လုပ်ငန်းများတွင် အစိုးရအနေဖြင့် လိုက်ပါဆောင်ရွက်မှု အားနည်းခြင်းအပေါ် ဆန္ဒထုတ်ဖော်မှုများကြောင့် လေဆိပ်တချို့ ယာယီပိတ်ထားရသလို ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပွားစေရေးအတွက် ဂျာမနီအာဏာပိုင်အဖွဲ့အစည်းက မြူးနစ်မြို့တွင် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခြင်းကို တားမြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဖြစ်စဉ်မျိုးထပ်မံဖြစ်ပွားမည်ကို ဂျာမနီအာဏာပိုင်အဖွဲ့အစည်းက မလိုလားသည့်အတွက် မြူးနစ်မြို့တော်တွင် ဆန္ဒထုတ်ဖော်ခြင်းကို ပြင်းပြင်းထန်ထန်တားမြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ကနေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈ ရက်ထိ မြူးနစ်မြို့အတွင်း ဆန္ဒထုတ်ဖော်မှုတွေ လုပ်ဆောင်ခြင်းမပြုဖို့ သတိပေးချက်ထုတ်ပြန်လိုက်ပါတယ်။ ဆန္ဒထုတ်ဖော်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေ၊ လမ်းပိတ်ဆို့မှုတွေဖြစ်ပေါ်စေနိုင်ပါတယ်။ အရေးပေါ်အခြေအနေနဲ့ သွားလာနေရတဲ့ မော်တော်ယာဉ်တွေ အချိန်နဲ့တစ်ပြေးညီ သွားလာနိုင်ဖို့အတွက် ယာဉ်ကြောရှင်းဖို့လိုတယ်။ အရေးပေါ်လမ်းကြောင်းတွေ အချိန်နှောင့်နှေးသွားတာမျိုး မဖြစ်အောင် လမ်းပိတ်ဆို့စေတဲ့ အရာမှန်သမျှကို ရှင်းလင်းသွားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဆန္ဒထုတ်ဖော်မှုတွေမလုပ်ဖို့ အသိပေးလိုပါတယ်"ဟု မြူးနစ်မြို့တော် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဂျာမနီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများသည် ပြီးခဲ့သော နိုဝင်ဘာလက မြူးနစ်မြို့တွင် ဆန္ဒထုတ်ဖော်မှု တချို့ပြုလုပ်ခဲ့ပြီး မြူးနစ်မြို့ရှိ လေဆိပ် တချို့ကို ယာယီပိတ်ခဲ့ရကြောင်း သိရသည်။ **ခိုင်းဆက်**

# ဒါဗာအိုအောရီယန်တယ်စီရင်စုတွင် ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**မနီလာ ဒီဇင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ ဒါဗာအိုအောရီယန်တယ်စီရင်စုတွင် ယနေ့အစောပိုင်းက ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင် မီးတောင်ဗေဒနှင့် မြေငလျင်ဗေဒအင်စတီကျု (Phivolcs) က ထုတ်ပြန်ခဲ့သည်ဟု ABS-CBN News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် ဒါဗာအိုအောရီယန်တယ်စီရင်စုရှိ ဂျိနိရှိဆိုမြို့ အရှေ့တောင်ဘက်ပိုင်း ၅၁ ကီလိုမီတာအကွာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်ကြောင့် ဂျိနိရှိဆိုမြို့သို့ ရောက်ရှိခဲ့သော မြေငလျင်လှိုင်းပြင်းအားမှာ ပမာဏ ၄ ရှိခဲ့ကြောင်း Phivolcs က ထုတ်ပြန်ခဲ့သည်။

"ကျွန်မတို့က အထပ်မြင့်အဆောက်အအုံရဲ့ ငါးထပ်မြောက်မှာ နေပါတယ်။ ပြင်းအားများတဲ့ မြေငလျင်လှုပ်ခတ်ခဲ့လို့ အဆောက်အအုံကနေ အရေးပေါ်ရှောင်တိမ်းခဲ့ရပါတယ်။ အဆောက်အအုံစီမံခန့်ခွဲရေးအဖွဲ့က တာဝန်ရှိသူတွေကြောင့် အန္တရာယ်ကင်းကင်းနဲ့ အဆောက်အအုံကနေ ရှောင်တိမ်းနိုင်ခဲ့ပါတယ်"ဟု ဒါဗာအိုမြို့ခံတစ်ဦးဖြစ်သူ အယ်လန်ဂရေ့စ်က ပြောကြားခဲ့သည်။

အဆိုပါ မြေငလျင်လှုပ်ခတ်မှုကြောင့် ဒါဗာအိုအောရီယန်တယ်



စီရင်စုနှင့် အနီးပတ်ဝန်းကျင်စီရင်စုများမှ မြေငလျင်လှိုင်းဒဏ်ဖြင့် ရင်ဆိုင်ခဲ့ရသော ဒေသများမှာ ဒါဗာအိုအောရီယန်တယ်စီရင်စုမှ ဂျိနိဂိုဆိုမြို့၊ ဒါဗာအိုဒယ်ဆာစီရင်စုမှ ဘန်ဆာလန်မြို့ ဆာရန်ဂါနီစီရင်စုမှ မာလာပါတန်မြို့နှင့် မာလန်ဂွန်မြို့တို့ဖြစ်ကြောင်း Phivolcs က ထုတ်ပြန်ခဲ့သည်။

မြေငလျင်လှိုင်းပြင်းအား ပမာဏ ၃ ရောက်ရှိခဲ့သောဒေသများမှာ ဒါဗာအိုအောရီယန်တယ်စီရင်စုမှ ဒါဗာအိုမြို့တော်နှင့် မက်တီမြို့၊ ဆာရန်ဂါနီစီရင်စုမှ အလာဘယ်မြို့၊ ဂလန်မြို့နှင့် ကီယမ်ဘာမြို့၊ ကိုတာဘာတိုစီရင်စုရှိ ကိုရိုနာဒယ်လ်မြို့၊ ပိုလိုမိုလော့ခ်မြို့၊ တမ်ပါကန်မြို့နှင့် တူပီမြို့တို့ဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

# လစ္စဘွန်းမြို့တွင် ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး ၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**လစ္စဘွန်း ဒီဇင်ဘာ ၁၀**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ဒီဇင်ဘာ ၈ ရက်က ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး ၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည်ဟု လစ္စဘွန်းအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ခဲ့ကြောင်း NBC News သတင်းဌာနက ဒီဇင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့် ဧရိယာတချို့မှ ဒေသခံများကို နေအိမ်အတွင်း၌သာ နေထိုင်သွားကြရန် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားသည်။ လစ္စဘွန်းမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် လမ်းမကြီးများ ရေမြုပ်နေသည့်အတွက် လမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ ရေမြုပ်နေသည့်လမ်းမကြီးများတွင် မော်တော်ယာဉ်များအသုံးမပြုရန်လည်း အာဏာပိုင်အဖွဲ့အစည်းက တင်းတင်းကျပ်ကျပ် တားမြစ်ထားကြောင်း၊ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူမှာ အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမ၏ ခင်ပွန်းဖြစ်သူကိုလည်း အာဏာပိုင်အဖွဲ့အစည်းက အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း လစ္စဘွန်း ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် လေဆိပ်အနီးပတ်ဝန်းကျင်မှာ လမ်းတွေယာယီပိတ်ထားရပါတယ်။ ရေကြီးရေလျှံမှု အခြေအနေဆိုးရွားတဲ့အတွက် အရေးပေါ်အခြေအနေ သတ်မှတ်ထားရပါတယ်။ ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပါတယ်။ သေဆုံးခဲ့သူဟာအသက် ၅၅ နှစ်အရွယ် အမျိုးသမီးဖြစ်ပြီး တော့ သေဆုံးသူရဲ့အမျိုးသားကိုလဲ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရပါတယ်။ ရေကြီးရေလျှံမှုကြောင့် လူ ၁၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရပါတယ်။ အနိမ့်ပိုင်းမှာနေထိုင်တဲ့ ဒေသခံတွေကိုပဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ ကျန်တဲ့ဧရိယာတွေမှာ နေထိုင်တဲ့ ဒေသခံတွေကိုတော့ နေအိမ်အတွင်းမှာပဲနေထိုင်ကြဖို့နဲ့ အပြင်မထွက်ကြဖို့ညွှန်ကြားထားပါတယ်"ဟု လစ္စဘွန်းပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အန်ဒရေဖာနန်ဒက်စ်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ရေထွက်ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၉၁ ဒသမ ၂၃၇ သန်း ဝင်ငွေရရှိထား



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ရေထွက်ပို့ကုန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၉၁ ဒသမ ၂၃၇ သန်း ဝင်ငွေ ရရှိထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှထွက်ကုန်များကို ပြည်ပဖောက်သည်ဈေးကွက် နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် လယ်ယာထွက်ကုန် ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက် ပို့ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့်အခြားပို့ကုန်များဟူ၍ ပို့ကုန်အုပ်စုခုနစ်စုဖြင့်ခွဲခြားတင်ပို့ရောင်းချပေးနေခြင်းဖြစ်သည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိကာလအတွင်း ရေထွက်ပို့ကုန် တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၄၉၁ ဒသမ ၂၃၇ သန်းထိ ဝင်ငွေရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရေထွက်ကုန်ပစ္စည်းများမှာ ပြည်ပပို့ကုန်တင်ပို့မှုကဏ္ဍတွင် နိုင်ငံခြားဝင်ငွေတတိယအများဆုံး ရှာဖွေပေးနိုင်သည့်ပြည်ပပို့ကုန်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်များကို နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကပိုင်ကဏ္ဍများမှ တင်ပို့ရောင်းချပေးနေခဲ့သော်လည်း ရေထွက်ပို့ကုန် ပြည်ပတင်ပို့မှုကဏ္ဍတွင် နိုင်ငံပိုင်ကဏ္ဍမှဆောင်ရွက်ခြင်းမရှိဘဲ ပုဂ္ဂလိကပိုင်ကဏ္ဍမှသာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပုဂ္ဂလိကကဏ္ဍမှငါး၊ ပုစွန်များကို ပြုပြင်ထုတ်လုပ်ကာ ပြည်ပသို့တင်ပို့ရောင်းချပေးနေသည့် အအေးခန်းစက်ရုံ ၁၂၄ ရုံရှိနေကြောင်း၊ အဆိုပါအအေးခန်းစက်ရုံများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၉ ရုံရှိပြီး ပထမအများဆုံး၊ တနင်္သာရီတိုင်းဒေသကြီးတွင် စက်ရုံ ၂၀ ရှိကာ ဒုတိယအများဆုံး၊ ကျန်အအေးခန်းစက်ရုံများမှာ ငါးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရှိနေကြောင်း၊ အဆိုပါ အအေးခန်းစက်ရုံများမှ ပြုပြင်ထုတ်လုပ်သည့် ငါး၊ ပုစွန်များကို ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချပေးရာတွင် ကိုရီးယား၊ ဂျပန်၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကနေဒါနှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။ SKL

# နမ့်ခမ်းမြို့နယ် မန့်မိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နမ့်စမ်း ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ ဟိုပုံကျေးရွာအုပ်စု မန့်မိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာကော်မတီဝင်များနှင့်အတူ မန့်မိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မန့်မိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ သဲဖြူနှင်းခြင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေနှစ်တိုးကုမ္ပဏီက ဇူလိုင်လ ပထမပတ်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးထံမှ သိရသည်။

**ကျော်စိုး**

# ဘားအံမြို့နယ် ပန်းစိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းစိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်ဟွာ၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စုမြတ်စန္ဒီနှင့်တာဝန်ရှိသူများက ပန်းစိန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ(နည်းပညာ)က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။



ဘားအံမြို့နယ် ပန်းစိန်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အနက် ပေ ၂၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၇၂၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ် ကြီးကြပ်ကာ မိခင်ရွှေကမ္ဘာကုမ္ပဏီက ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ပန်းစိန်ကျေးရွာရှိ အိမ်ခြေ ၁၁၃ အိမ်၊ လူ ၇၄၄ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်ဟွာက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ရှာင်မြို့နယ် လက်ပံပင်-သစ်ဆိမ့်ပင်-ကျောက်ပုံ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရှာင် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် လက်ပံပင်-သစ်ဆိမ့်ပင်-ကျောက်ပုံလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်ဝေဝေလွင်ဖြိုး (လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ))၊ ရှာင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေး (ဦးစီးအရာရှိ(မြို့ပြ))တို့က ရှာင်မြို့နယ် လက်ပံပင်- သစ်ဆိမ့်ပင်-ကျောက်ပုံလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီခြင်း ရှိ၊ မရှိ ကြည့်ရှု စစ်ဆေးခဲ့သည်။

ရှာင်မြို့နယ် လက်ပံပင်-သစ်ဆိမ့်ပင်-ကျောက်ပုံလမ်း အရှည် ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု မူလငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၂ ဒသမ ၀၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal-47ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာ သုံးရွာရှိ အိမ်ခြေ ၆၆၇ အိမ်၊ လူ ၂၈၀၂ ဦးတို့အတွက် ရာသီမရွေးသွားလာအသုံးပြုနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကာ ဒေသထွက်ကုန်များကိုလည်း ဈေးကွက်သို့ အဆင်ပြေချောမွေ့စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ရှာင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးစပါး ၅၁၂၈၁၄ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော မိုးစပါး ၅၁၂၈၁၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးစပါးဧက ၁၈၁၉၉၉၀ စိုက်ပျိုးနိုင်ခဲ့ကာ နိုဝင်ဘာလ တတိယပတ်မှစ၍ ရိတ်သိမ်းခဲ့ရာ ၅၁၂၈၁၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးကာလ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးထားတဲ့ မိုးစပါးတွေ စတင်ရိတ်သိမ်းနေပါပြီ။ တစ်ဧကကို ပျမ်းမျှ ၈၁ တင်းလောက် ထွက်ရှိပါတယ်။ ဒီနေ့ထိ ဧကငါးသိန်းကျော် ရိတ်သိမ်းပြီးနေပြီ။ ကျန်ရှိနေတဲ့ ဧကတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးစပါးဧက ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၂၈၆၇၀၊ တမူးခရိုင်တွင် ၁၇၉၁၄ ဧက၊ ကလေးခရိုင်တွင် ၇၇၅၀၁ ဧက၊ ခန္တီးခရိုင်တွင် ၇၂၃၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၄၈၄၉၇ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဧက ၂၂၇၂၀၊ မုံရွာခရိုင်တွင် ၆၅၇၃ ဧက၊ ယင်းမာပင်ခရိုင်တွင် ၃၁၅၇၈ ဧက၊ ရွှေဘိုခရိုင်တွင် ၂၁၅၄၃ ဧက၊ ရေဦးခရိုင်တွင် ဧက ၁၃၅၃၀၊ ကန့်ဘလူခရိုင်တွင် ၂၆၉၆၆ ဧက၊ စစ်ကိုင်းခရိုင်တွင် ၅၅၀၆ ဧက၊ ကသာခရိုင်တွင် ၈၅၇၆၆ ဧက၊ ကောလင်းခရိုင်တွင် ၁၁၈၈၁၅ ဧက တို့ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## အများအကျိုးဆောင် ကိုယ့်အကျိုးအောင်

ကလေးတို့ရေ. . . တစ်ခါတုန်းက တောရွာလေးတစ်ရွာမှာ ရိုးအတဲ့ မောင်ပုဏ္ဏာဆိုသူ သူဆင်းရဲလေးတစ်ယောက်ရှိသတဲ့ကွယ်။ တစ်နေ့မှာ မောင်ပုဏ္ဏာရဲ့ဖခင်ကြီးက "ရှင်မရေ . . . ငါတို့သား ဘာကြောင့်ဒီလောက်ရိုးအနေရတာလဲဆိုတာကိုသိနိုင်ဖို့ တောထဲမှာသီတင်းသုံးနေတဲ့ ရသေ့ပညာရှိကြီးဆီ သွားမေးခိုင်းမှဖြစ်တော့မယ်"လို့ဆိုပြီး ပညာရှိရသေ့ကြီးဆီ အကြောင်းအကျိုးကို သွားရောက်မေးမြန်းစေသတဲ့။ မောင်ပုဏ္ဏာလေးကလဲ မငြင်းဆိုဘဲ မိဘတွေခိုင်းတဲ့အတိုင်း တောထဲကိုထွက်သွားတာပေါ့ကွယ်။

မောင်ပုဏ္ဏာ တောထဲကိုရောက်လို့ ခရီးအတော်ဝေးလာတဲ့အခါ မောပန်းလှတဲ့အတွက် အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်အောက်မှာ ဝင်ရောက်နားခိုနေခိုက် ကျေးငှက်တစ်ကောင်က "အဆွေလူသား အဘယ်ကိစ္စနဲ့ အဘယ်အရပ်ကို သွားမလို့ပါလဲ"လို့မေးမြန်းရာ မောင်ပုဏ္ဏာက မိမိရဲ့အကြောင်းစုံကိုပြောပြလိုက်သတဲ့။ အဲဒီအခါ ကျေးငှက်က "အဆွေလူသား အကျွန်ုပ်ဟာလဲ ဒီညောင်ပင်ကြီးကလွဲလို့ အခြားဘယ်နေရာကိုမှ မသွားနိုင်ဖြစ်နေပါတယ်။ ဒီညောင်ပင်ကနေ မခွဲနိုင်မခွာနိုင် ဖြစ်နေရတဲ့အကြောင်းရင်းနဲ့ ဘယ်လိုဘယ်ပုံပြုလုပ်ပါက ဒီညောင်ပင်ကနေ ထွက်ခွာနိုင်ကြောင်းကို ရသေ့ကြီးဆီမှာ မေးပေးခဲ့ပါ"လို့ အကူအညီတောင်းရာ မောင်ပုဏ္ဏာလဲ "ကောင်းပါပြီ ကျွန်ုပ်မေးပေးခဲ့ပါမယ်"လို့ ကတိပေးပြီး ရှေ့ဆက်ခရီးထွက်ခဲ့သတဲ့ကွယ်။

အတန်ကြာလျှောက်လိုက်မိတဲ့အခါ လမ်းဘေးဇရပ်ကြီးတစ်ခုကိုတွေ့ရလို့ ရေဝင်သောက်ကာ ခရီးတစ်ထောက်နားလိုက်သတဲ့။ အဲဒီဇရပ်ကြီးမှာ ထိုင်နေတဲ့ သူကြွယ်ကြီးတစ်ဦးက "အမောင် အဘယ်ကိစ္စနဲ့ အဘယ်အရပ်ကို သွားမှာပါလဲ"လို့ မေးမြန်းသတဲ့။ မောင်ပုဏ္ဏာကလဲ မိမိဖြစ်စဉ်ကို ပြန်ပြောပြလိုက်တာပေါ့ကွယ်။ အဲဒီအခါ သူဌေးကြီးက "ကျွန်ုပ်မှာလဲ နာတာရှည်ရောဂါစွဲကပ်နေတာကြာပါပြီ။ ဒီရောဂါဆိုးကြီးပျောက်ကင်းအောင် ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာကို ပညာရှိရသေ့ကြီးဆီမှာ မေးခဲ့ပေးပါ"လို့ အကူအညီတောင်းရာ မောင်ပုဏ္ဏာကလဲ "မပူပါနဲ့သူဌေးကြီးခင်ဗျာ။ ကျွန်ုပ်မေးပေးခဲ့ပါမယ်"လို့ပြောပြီး ဆက်လက်ခရီးနှင်ခဲ့ပြန်တာပေါ့ကွယ်။

ရသေ့ကြီးသီတင်းသုံးရာ တောင်ခြေအနီးမြစ်ကမ်းနားကိုအရောက်မှာ ရေထဲက မိကျောင်းတစ်ကောင်တက်လာပြီး "အဆွေလူသား အဘယ်ကိစ္စနဲ့ အဘယ်အရပ်ကို သွားမလို့ပါလဲ"လို့မေးလာရာ မောင်ပုဏ္ဏာလဲ ရှေ့ကအတိုင်းပင် သူ့ရဲ့အကြောင်းစုံကို ပြောပြပြန်သတဲ့။ မိကျောင်းကြီးက "အကျွန်ုပ်မှာလဲ ခေါင်းကိုက်ဝေဒနာစွဲကပ်နေပါတယ်။ ဘယ်လိုကုစားရမလဲဆိုတာကို ရသေ့ကြီးဆီမှာ မေးမြန်းပေးခဲ့ပါ"လို့ အကူအညီတောင်းပြန်ရာ မောင်ပုဏ္ဏာလဲ "စိတ်ချပါ အသင်မိကျောင်း။ ကျွန်ုပ်မေးခဲ့ပါမယ်"လို့ ကတိပြုပြီး ရသေ့ကြီးသီတင်းသုံးရာ တောင်ပေါ်ကို တက်သွားလိုက်သတဲ့ကွယ်။

ကျောင်းသခ်မ်းကို ရောက်တဲ့အခါ ရသေ့ကြီးက "အဘယ်ကိစ္စနဲ့ လာခဲ့ပါသလဲ"လို့ မေးသတဲ့။ အဲဒီအခါ



မောင်ပုဏ္ဏာက "ညောင်ပင်ကြီးတစ်ပင်မှာနေထိုင်တဲ့ ကျေးငှက်တစ်ကောင်ဟာ ဘယ်အရပ်ကိုမှ ပျံမသွားနိုင်ဘဲ အဲဒီညောင်ပင်ကြီးကနေ မခွဲနိုင်မခွာနိုင်ဖြစ်နေပါတယ်။ အဲဒီအခြင်းအရာကို ဘယ်လိုဖြေရှင်းရမလဲဘုရား"လို့ လျှောက်ထားလိုက်သတဲ့။ "အဆွေလူသား အဲဒီကျေးငှက်ဟာ အရင်ဘဝဟောင်းတုန်းက သူပိုင်ဆိုင်တဲ့ ရွှေအိုးတစ်လုံးနဲ့ ငွေအိုးတစ်လုံးကို အဲဒီညောင်ပင်ကြီးအောက်မှာ မြှုပ်ထားခဲ့ဖူးတယ်။ အဲဒီဥစ္စာတွေကိုတူးဖော်ပြီး သူတစ်ပါးကို ပေးကမ်းခဲ့ရင် အခြားအရပ်ကို လွတ်လပ်စွာ ပျံသန်းသွားလာနိုင်လိမ့်မယ်"လို့ ဖြေကြားလိုက်သတဲ့ကွယ်။

တစ်ဖန် မောင်ပုဏ္ဏာက "အရှင်ရသေ့ လမ်းဘေးဇရပ်မှာ တွေ့ခဲ့ရတဲ့ သူဌေးကြီးတစ်ယောက်ကလဲ နာတာရှည်ရောဂါစွဲကပ်နေတဲ့အတွက် ဘယ်လိုကုသရမည်ကို မေးခိုင်းလိုက်ပါတယ်"လို့ လျှောက်ထားရာ။ "အဆွေလူသား အဲဒီသူဌေးကြီးဟာ သူ့ရဲ့ပစ္စည်းဥစ္စာတွေကို စွဲလမ်းစိတ်ကြီးမားလွန်းလို့ နာတာရှည်ရောဂါစွဲကပ်နေရတာဖြစ်တယ်။ သူ့ရဲ့ပစ္စည်းဥစ္စာတွေထဲကနေ တစ်ဝက်လောက်ကိုပဲ တစ်ပါးသူတွေကို ရက်ရောစွာ ပေးကမ်းစွန့်ကြဲလိုက်ရင် သူဌေးကြီးရောဂါပျောက်ကင်းသွားပါလိမ့်မယ်"လို့ ဖြေဆိုလိုက်သတဲ့။

"အရှင်ရသေ့ မြစ်ထဲမှာရှိတဲ့ မိကျောင်းကြီးတစ်ကောင်ကလဲ ခေါင်းကိုက်ဝေဒနာခံစားနေရလို့ အဘယ်သို့ ကုသပါက အဲဒီရောဂါပျောက်ကင်းနိုင်ကြောင်းကိုလဲ မေးလျှောက်ခိုင်းလိုက်ပါသေးတယ်ဘုရား"လို့ လျှောက်ထားပြန်တာပေါ့ကွယ်။ အဲဒီအခါ ရသေ့ကြီးက "အဆွေလူသား အဲဒီမိကျောင်းကြီးရဲ့ဦးခေါင်းမှာ ပတ္တမြားကြီးတစ်လုံးရှိနေလို့ ခေါင်းကိုက်ဝေဒနာခံစားနေရတာပါ။ အဲဒီပတ္တမြားကြီးကိုသာ ထုတ်ဆောင်ပြီး တစ်ပါးသူကို ပေးကမ်းစွန့်ကြဲလိုက်ရင် ဝေဒနာသက်သာသွားပါလိမ့်မယ်"လို့ ဖြေပေးလိုက်သတဲ့။

မေးခွန်းသုံးခုစလုံးကို မေးမြန်းလျှောက်ထားပြီးတဲ့အခါ မောင်ပုဏ္ဏာဟာ ကျေးငှက်၊ သူကြွယ်၊ မိကျောင်းတို့ရဲ့အကျိုးကို ကူညီဆောင်ရွက်ပေးရတဲ့အတွက် အလွန်ပင်ဝမ်းမြောက်နေသတဲ့ကွယ်။ ဒါကြောင့် ရသေ့ကြီးဆီလာရောက်ရခြင်းရဲ့အကြောင်းရင်းဖြစ်တဲ့ မိမိအကြောင်းကို မေးမြန်းဖို့ကိုပင်မေ့လျော့ကာ "အခုလိုဖြေကြားပေးတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ တပည့်တော်ကို ခွင့်ပြုပါအုံးဘုရား"လို့နှုတ်ဆက်ကာ ရှိခိုးကန်တော့ပြီး တောင်ပေါ်ကနေ ပြန်ဆင်းခဲ့သတဲ့ကွယ်။

တောင်ခြေရှိ မြစ်ကမ်းနံဘေးမှာ စောင့်နေတဲ့ မိကျောင်းကို အကျိုးအကြောင်းပြောပြလိုက်တဲ့အခါ မိကျောင်းကြီးက ဝမ်းသာစွာနဲ့ ပတ္တမြားကို မောင်ပုဏ္ဏာကို ထုတ်ယူစေခဲ့သတဲ့ကွယ်။ အဲဒီလို ထုတ်ယူပြီးတာနဲ့ မိကျောင်းရဲ့ဝေဒနာဟာ ယူပစ်သလို ချက်ချင်းပျောက်ကင်းသက်သာသွားသတဲ့။ မိကျောင်းလဲ မောင်ပုဏ္ဏာကို ကျေးဇူးဆပ်တဲ့အနေနဲ့ "အဆွေလူသား ဒီပတ္တမြားကို ထုခွဲရောင်းချပြီး သင်အလိုရှိရာ သုံးပါလေ"လို့ဆိုကာ ရေထဲပြန်ဆင်းသွားလိုက်သတဲ့ကွယ်။

အဲဒီနောက် ဇရပ်ကိုပြန်ရောက်တဲ့အခါ သူဌေးကြီးရဲ့ နာတာရှည်ရောဂါဖြစ်ရတဲ့အကြောင်းရင်းကို ပြောပြပြန်ရာ သူဌေးကြီးကလဲ "ဒါဖြင့် ကျွန်ုပ်ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေထဲက တစ်ဝက်တိတိကို အခုလိုကူညီပေးတဲ့ အမောင့်အား ပေးကမ်းလိုပါတယ်"လို့ဆိုကာ ပစ္စည်းဥစ္စာတစ်ဝက်ကို ရက်ရောစွာခွဲဝေပေးသတဲ့။ အဲဒီခဏအတွင်းမှာပဲ သူဌေးကြီးဟာ ရောဂါတွေကင်းစင်ပြီး ကျန်းမာသန်စွမ်းတဲ့လူတစ်ယောက်အဖြစ်ကို ရောက်ရှိသွားသတဲ့ကွယ်။

ဒီလိုနဲ့ မောင်ပုဏ္ဏာ ခရီးဆက်ခဲ့ရာ နောက်ဆုံးညောင်ပင်ကြီးမှာရှိတဲ့ကျေးငှက်ဆီ ရောက်လာသတဲ့ကွယ်။ ကျေးငှက်ကို ရသေ့ကြီးမိန့်မှာလိုက်တဲ့အတိုင်း ပြန်လည်ပြောပြလိုက်ရာ ကျေးငှက်ကလဲ ဝမ်းမြောက်စွာနဲ့ "အဆွေလူသား ရွှေအိုးနဲ့ငွေအိုးကို အခုပဲ အသင်တူးပြီးယူဆောင်သွားပါလော့"လို့ဆိုပြီး မိမိသွားလိုရာ အရပ်ကို လွတ်လပ်စွာပျံသန်းသွားလေတော့သတဲ့ကွယ်။

မောင်ပုဏ္ဏာလဲ တစ်ပါးသူတွေရဲ့အကျိုးကို ကူညီဆောင်ရွက်ပေးလိုက်ရတဲ့အတွက် မိမိလဲဆင်းရဲတွင်းကနေ လွတ်မြောက်တော့မှာကိုတွေးမိပြီး အလွန်ဝမ်းမြောက်နေရှာသတဲ့။ သူ့ရဲ့မိဘနှစ်ပါးလဲ သူလိုပဲပျော်ရွှင်နိုင်လိမ့်မယ်လို့ မြင်ယောင်ရင်း ပြုံးရွှင်တဲ့မျက်နှာ ပေါ့ပါးလန်းဆန်းတဲ့ခြေလှမ်းတွေနဲ့ ရွာကိုပြန်လာခဲ့သတဲ့ကွယ်။

ကဲ. . . ကလေးတို့ရေ။ ကလေးတို့လဲ ဒီပုံပြင်လေးထဲက မောင်ပုဏ္ဏာလေးကိုအတုယူပြီး သူတစ်ပါးအကျိုးကို ကူညီဆောင်ရွက်ပေးကြရမယ်နော်။

**သာကီနွယ်(ညောင်ရမ်း)**

## အမေစိုက်တဲ့ စံပယ်ရုံ

♦ အမေစိုက်တဲ့ စံပယ်ရုံ  
အဖူးလေးတွေငုံ၊  
မိုးမိုးပုံမှန်ရေလောင်းပေး  
စံပယ်ပန်းတွေဖွေး။

♦ ဆောင်းနှင်းအေးအေး နံနက်ခါ  
စံပယ်ပွင့်ခူးကာ၊  
ဘုရားရှင်မှာ ပန်းတွေကပ်  
နေ့စဉ်ကုသိုလ်မြတ်။ ။

**ချစ်သက်(မြန်မာစာ)**



## သားတို့စက်ဘီးလေး

♦ စက်ဘီးကလေး ကလင်ကလင်  
ကျောင်းကိုခရီးနှင်၊  
ကျောင်းဖွင့်ချိန်တွင် နေ့စဉ်သွား  
ညီလေးတင်ကာထား။

♦ ပျော်ပျော်ပါးပါး ကျောင်းတက်ကာ  
စက်ဘီးကိုယ်စီပါ၊  
မြတ်သည့်ပညာ သင်ယူဖို့  
စက်ဘီးကူညီပို့။  
သားတို့အဖော်ဗျို့။ ။

**ရွှေတိုး(ထုံးဘို)**



# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)

(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။ (စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။

(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။

(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။

(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။

(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။

(၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။

(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များတိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆-၁၂-၂၀၂၂ ရက်အရောက်ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်

(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား

(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၆၂ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧကစိုက်ပျိုးရန် လျာထားရှိပြီး ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ၂၈၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ သီးနှံစိုက်ပျိုးမှုအနေနဲ့ ၂၁၈၄၃ ဧက လျာထားစိုက်ပျိုးနေပါတယ်။ သတ်မှတ်လျာထားတဲ့ စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတောင်သူတွေကိုလဲ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးနေပါတယ်။ ဆောင်းကုလားပဲကို နိုဝင်ဘာလ ပထမပတ်လောက်ကနေ စပြီးစိုက်ပျိုးခဲ့တာ ကနေ့ထိ စိုက်ဧက ၂၈၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်တယ်။ ကုလားပဲကို ဆောင်းသီးနှံအဖြစ် တောင်သူတွေက အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံအထွက်ကောင်းမွန်တဲ့ ရေဆင်း(၆)နဲ့ ရေဆင်း(၁၂)ကုလားပဲမျိုးတွေကို အများဆုံးစိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေမှ စိုက်ပျိုးရေဖူလုံစွာရရှိသည့်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံ ၃၁၃၄၇ ဧက၊ ကုလားပဲသီးနှံအပါအဝင် ပဲမျိုးစုံသီးနှံ ၃၉၇၁၂ ဧက၊ စားဖို ဆောင်းသီးနှံ ၄၀၇၃ ဧက၊ ဖူးစားပြောင်း ၁၇၈၅ ဧက၊ ကွဲ၊ နွားတိရစ္ဆာန်အစာပင် ၁၀၀၇၄ ဧကနှင့် အခြားစားပင်သီးနှံဧက ၃၂၀ စုစုပေါင်းဆောင်းသီးနှံ ၈၇၃၁၁ ဧကတို့လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တန့်ယန်းမြို့နယ် လုံမုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် လုံမုံကျေးရွာ၌ ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လုံမုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ လုံမုံကျေးရွာ၌ ကျေးရွာအဝင်လမ်းအရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၇ သိန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ် ဦးစီးမှူး ဦးခိုင်မင်းထွန်းက ပြောပြ၍ သိရသည်။

**နိုလာ**






ပြင်ဦးလွင်

PURE ARABICA COFFEE

# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

## Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊
လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## ဝန်ထမ်းအလိုရှိသည်

Asia Top Seven Company Limited တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

**(1)Factory Manager(စက်ရုံမှူး)- 2 Posts (Male)**

* AGTI / Be (EP, EC, MP) နှင့်ဘွဲ့ရထားရှိသူ (or) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူဖြစ်ရမည်။

*စက်ရုံလုပ်ငန်းအတွေ့အကြုံ (၃)နှစ်အထက်ရှိသူ

**(2) လ/ထ HR Manager- 2 Posts (Male)**

**(3) Sales & Marketing -10 Posts(Male,Female)**

Ph; 09-420728553 (Viber) သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

ဟိုတယ်နတ်သားဥယျာဉ်တွင် တာဝန်ထမ်းဆောင်ရန်

## ဝန်ထမ်းအလိုရှိသည်

အမရပူရမြို့နယ်၊ စစ်ကိုင်း×မန္တလေးလမ်းနှင့်စစ်ကိုင်း×မြစ်ငယ်လမ်းကြားရှိ ဟိုတယ်နတ်သားဥယျာဉ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်-

(၁) **စားဖိုမှူး** - ကျား (၁)ဦး
- အခြေခံလစာ - ၃၀၀,၀၀၀/-ကျပ်
- လုပ်ငန်းအတွေ့အကြုံရှိရမည်။

(၂) **လုံခြုံရေးဝန်ထမ်း** - ကျား (၅)ဦး
- အခြေခံလစာ - ၁၈၀,၀၀၀/-ကျပ်
- အသက်(၂၃)နှစ်မှ (၅၀)ကြား ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- အသောက်အစားကင်းရမည်။
- ပညာအရည်အချင်းအနည်းဆုံးအလယ်တန်းအဆင့်ဖြစ်ရမည်။

လျှောက်ထားလိုသူများအနေဖြင့် CV Form အား အောက်ပါဖုန်းနံပါတ်များသို့ Viber (သို့မဟုတ်)ဖုန်းဖြင့်ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**ဟိုတယ်နတ်သားဥယျာဉ်**

၀၉-၉၄၆၄၃၆၅၂၂၊ ၀၉-၇၉၇၃၃၂၅၃၉

## အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၇-၉-၂၀၂၀ ရက်နေ့ထုတ်၊ ရတနာပုံသတင်းစာ၊ စာမျက်နှာ(၃၀)တွင်ဖော်ပြခဲ့သော **မခင်စိုးဝင်း (၉/မတရ(နိုင်)၀၀၂၁၃၂)** အား (မိခင်) ဒေါ်နွဲ့နွဲ့က သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ဤကြော်ငြာချက်နှင့်အတူ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့**

**(၉/မတရ(နိုင်)၀၁၆၆၉၅)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရပ်ကွက်နေ ဦးအုန်းကြိုင် - ဒေါ်တင် တို့၏သမီး **မနီနီခိုင် (၉/အမရ(နိုင်)၁၀၆၄၂၀)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအုန်းကြိုင်-ဒေါ်တင်**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များချမှတ်၍ ပန်းတိုင်အဖြစ်ဆောင်ရွက်လျက်ရှိကာ ပန်းတိုင်မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူ၊ နိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ် ...

❖ Moving Forward ဟူသည့်အတိုင်း ရှေ့သို့ဆက်လက်လှမ်းချီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများအားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက် လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# အများသိစေရန်ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂) တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကိုချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့တက်ရောက်နိုင်ရေးနှင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ ဗိုလ်ရှုခံတွင် ကျင်းပမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ညှိ့ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ သက်ဆိုင်ရာအခမ်းအနားများအလိုက် (၂၀-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ဖိတ်ကြားရေးဆပ်ကော်မတီ(ပြည်ထဲရေးဝန်ကြီးဌာန)**
ဖုန်းနံပါတ်(၀၆၇-၃၄၁၂၇၁၅)၊ (၀၆၇-၃၄၁၂၇၁၆)

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ(သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**
ဖုန်းနံပါတ်(၀၆၇-၃၄၀၈၄၃၆)၊ (၀၉-၄၅၅၉၅၅၁၁၀)၊ (၀၉-၂၀၃၅၅၀၂)

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)**
ဖုန်းနံပါတ် (၀၆၇-၃၄၁၂၀၅၄)၊ (၀၆၇-၃၄၁၂၆၅၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတို့ကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံ(ဘီ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ **စာမျက်နှာ ၁၈ ကော်လံ ၁** ❖

